

PHOTO: NRC

# CHAPTER 8 • 2015
# PROTECTION

ဤအခန်းများတွင် သုံးစွဲထားသော စခန်းဟူသည့် အသုံးအနှုန်းသည် စခန်းများနှင့် စခန်းကဲ့သို့သော နေရာအမျိုးမျိုးကို ရည်ညွှန်းခြင်း ဖြစ်ပြီး စနစ်တကျတည်ထောင်ထားသော စခန်းများ၊ နေရပ်စွန့်ခွာလာသူများကိုယ်တိုင် စုဝေးတည်ထောင်သော စခန်းများ၊ စုစည်း နေထိုင်ရာ နေရာများ၊ ယာယီစခန်းများနှင့် ကယ်ဆယ်ရေးစခန်းများ ပါဝင်ပါသည်။

## အဓိကအချက်အလက်များ

- နယ်စပ်ဖြတ်ကျော် ဒုက္ခသည်များ၊ နိုင်ငံမဲ့သူများ နှင့် ပြည်တွင်းနေရပ်စွန့်ခွာနေထိုင်ရသူများ၏ အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ပေးရန် နိုင်ငံအစိုးရများတွင် တာဝန်ရှိပါသည်။ ကာကွယ်စောင့်ရှောက်ပေးရမည့် တာဝန်အား နိုင်ငံအစိုးရများမှ ထမ်းဆောင်နိုင်စေရေးအတွက် လူသားချင်းစာနာထောက်ထားမှု အေဂျင်စီများသည် လူသားဆန်မှု အခြေခံသဘောတရားအရ ကူညီပေးရန် တာဝန်ခံယူထားကြသည်။ ခွဲခြားဆက်ဆံမှုမပြုရန် နှင့် ဘက်လိုက်မှု မပြုရန် တို့မှာ ကာကွယ်စောင့်ရှောက်မှု လုပ်ငန်းအားလုံးအတွက် လမ်းညွှန်သဘောတရားများ ဖြစ်ကြသည်။
- စခန်းစီမံခန့်ခွဲမှုအေဂျင်စီများသည် သက်ဆိုင်ရာ အာဏာပိုင်များ၊ ကာကွယ်စောင့်ရှောက်မှုလုပ်ငန်း လုပ်ဆောင်နေသူများနှင့်အတူ စခန်းတွင်နေထိုင်သူအားလုံးအား ကာကွယ်စောင့်ရှောက်မှုများ ဆောင်ရွက်ပေးနိုင်ရန် စခန်းအဆင့်တွင် တာဝန်ရှိသူ၊ တာဝန်ခံယူထားသူများဖြစ်သည်။
- စခန်းစီမံခန့်ခွဲမှုအေဂျင်စီနှင့် မိတ်ဖက်များမှ စခန်းလူထုအား ရုပ်ခန္ဓာ၊ ဥပဒေကြောင်းအရနှင့် ဥစ္စာပစ္စည်းများ၏ လုံခြုံမှု တို့အတွက် ကာကွယ်စောင့်ရှောက်မှုပေးရာတွင် လူ့အခွင့်အရေးကို အခြေခံသည့် နည်းလမ်းနှင့် လုပ်ငန်းများ လိုအပ် သည်။ ၎င်းတို့ကို ဝန်ဆောင်မှုနှင့် အကူအညီများပေးရာတွင် ပါဝင်ထည့်သွင်းဆောင်ရွက်ရမည်။
- စခန်းစီမံခန့်ခွဲမှု အေဂျင်စီ၏ အခန်းကဏ္ဍမှာ နေရပ်စွန့်ခွာနေထိုင်ရသူများ၏ အခွင့်အရေးကို အဆင့်တိုင်းတွင် ထိမ်းသိမ်းပေးနိုင်ရန်အတွက် တင်ပြတိုက်တွန်းသည့် လုပ်ငန်းအား အစုအဖွဲ့၊ကဏ္ဍအလိုက် ဦးဆောင်အဖွဲ့များ၊ နိုင်ငံ အာဏာပိုင်များ၊ ကာကွယ်စောင့်ရှောက်မှုဆိုင်ရာ အေဂျင်စီများနှင့်အတူ ညှိနှိုင်းဆောင်ရွက်ရန် ဖြစ်သည်။ ၎င်းမှာ စခန်း တွင်း၌ ထိရောက်၍ အမှန်တကယ် ဆောင်ရွက်ပေးနိုင်သော တရားဥပဒေစိုးမိုးရေး အစီအမံကို ထူထောင်ရန်အတွက် တင်ပြတိုက်တွန်းခြင်းလည်း ပါဝင်သည်။
- စခန်းများတွင် ကာကွယ်စောင့်ရှောက်မှုပေးခြင်းမှာ လျှို့ဝှက်ချက်ထိမ်းသိမ်းမှု၊ လုံခြုံစိတ်ချရမှု၊ တာဝန်ခံယူမှု နှင့် တုံ့ပြန် ဆောင်ရွက်နိုင်မှု စွမ်းရည်များရှိခြင်းဖြင့် လူ့အခွင့်အရေး ချိုးဖောက်မှုများမှ တားဆီးကာကွယ်ခြင်းနှင့် စပ်လျဉ်း၍ သတင်း အချက်အလက် ရရှိပြီးမှ ဆုံးဖြတ်ချက်ချခြင်း၊ သင့်လျော်သလို စောင့်ကြည့်ကြီးကြပ်ခြင်း၊ ညွှန်းပို့ခြင်း နှင့် သတင်းပို့ တိုင်ကြားခြင်း တို့ ပါဝင်သည်။
- ကာကွယ်စောင့်ရှောက်မှုအတွက် တာဝန်ယူရန်မှာ ဝန်ထမ်းများ အမြဲရှိနေခြင်း၊ စခန်းလူထုမှ ပါဝင်ဆောင်ရွက်ခြင်း၊ အချိန်မီ သတင်းဖြန့်ဝေပေးခြင်း၊ ဝန်ဆောင်မှုများကို စောင့်ကြည့်ကြီးကြပ်ခြင်း၊ စွမ်းဆောင်ရည် တည်ဆောက်ခြင်း နှင့် စခန်းတွင် ဆောင်ရွက်နေသူအားလုံးမှ ဂုဏ်သိက္ခာအတွက် အလေးထားဆက်ဆံခြင်းတို့ကို ဆိုလိုသည်။
- စခန်းစီမံခန့်ခွဲမှု အေဂျင်စီသည် စခန်းလူထု၏ အခွင့်အရေးများနှင့် ၎င်းတို့ကို အပြည့်အဝ ရရှိခံစားနိုင်ရေးအတွက် ရှိနေသော အတားအဆီးများကို သိရှိသတိပြုမိရန် လိုအပ်သည်။
- စခန်းတွင် ကာကွယ်စောင့်ရှောက်မှုနှင့်ဆိုင်သည့် အန္တရာယ်ကျရောက်နိုင်ခြေများမှာ လုံခြုံစိတ်ချရမှု မရှိခြင်း၊ အကူအညီနှင့် ကာကွယ်စောင့်ရှောက်မှုတို့အား လက်လှမ်းမမီခြင်းနှင့် စိတ်ပျက်အားငယ်မှုနှင့် ရောယှက်နေသော အန္တရာယ်များ ဖြစ်သည်။
- နယ်စပ်ဖြတ်ကျော် ဒုက္ခသည်များနှင့် ပြည်တွင်းနေရပ်စွန့်ခွာနေထိုင်ရသူများအား နိုင်ငံတကာ၊ ဒေသတွင်းနှင့် နိုင်ငံတော်၏ ဥပဒေနည်းလမ်းများက တိုက်ရိုက်ဖြစ်စေ၊ အလားတူဖြစ်စေ ကာကွယ်ပေးထားသည်။ ၎င်းတို့တွင် နိုင်ငံ တကာ လူ့အခွင့်အရေး၊ လူသားချင်းစာနာထောက်ထားမှု ဥပဒေ၊ နယ်စပ်ဖြတ်ကျော် ဒုက္ခသည်များ၏ အခြေအနေနှင့် ဆိုင်သော သဘောတူညီမှု (၁၉၅၁ခုနှစ် ဒုက္ခသည်များဆိုင်ရာ သဘောတူညီချက်) နှင့် ပြည်တွင်းနေရပ်စွန့်ခွာ နေထိုင်ရသူများနှင့် သက်ဆိုင်သော လမ်းညွှန်သဘောတရားတို့ ပါဝင်သည်။

## မိတ်ဆက်

### ကာကွယ်စောင့်ရှောက်မှု ဆိုသည်မှာ အဘယ်နည်း

နိုင်ငံတကာ ကြက်ခြေနီကော်မီတီ (ICRC) က အဓိပ္ပါယ် ဖေါ်ထုတ်သတ်မှတ်ပြီး အဖွဲ့အစည်းပေါင်းစုံ ကော်မီတီ (IASC) မှ လက်ခံသုံးစွဲသည့် ကာကွယ်စောင့်ရှောက်မှု၏ အဓိပ္ပါယ်မှာ "လူတစ်ဦးချင်းစီ၏ အခွင့်အရေးကို သက်ဆိုင်ရာ ဥပဒေများ (နိုင်ငံတကာ လူ့အခွင့်အရေး၊ လူသားချင်းစာနာထောက်ထားမှု ဥပဒေ၊ နယ်စပ်ဖြတ်ကျော် ဒုက္ခသည်များဆိုင်ရာ ဥပဒေ) ၏ စကားလုံးနှင့် အနှစ်သာရများအတိုင်း အပြည့်အဝ လေးစားလိုက်နာမှု ရရှိစေရန် ဆောင်ရွက်သည့် လုပ်ငန်းအားလုံး" ဖြစ်သည်။

နိုင်ငံတိုင်းတွင် မိမိတို့၏ ပိုင်နက်နယ်မြေအတွင်းရှိ နိုင်ငံသားမဟုတ်သူများအပါအဝင် လူသားတိုင်း၏ လူ့အခွင့်အရေးကို လေးစား၍ သက်ဆိုင်ရာ နိုင်ငံတကာနှင့် ပြည်တွင်း ဥပဒေများအရ ကာကွယ်စောင့်ရှောက် ဖြည့်ဆည်းပေးရန် တာဝန်ရှိ သည်။ ထို့ကြောင့် နယ်စပ်ဖြတ်ကျော် ဒုက္ခသည်များနှင့် ပြည်တွင်းနေရပ်စွန့်ခွာနေထိုင်ရသူများအား နိုင်ငံတကာ လူ့အခွင့် အရေး၊ နယ်စပ်ဖြတ်ကျော် ဒုက္ခသည်များဆိုင်ရာဥပဒေနှင့် နိုင်ငံတကာ လူသားချင်းစာနာထောက်ထားမှုဥပဒေတို့၏ စံနှုန်း များနှင့်အညီ ပြုစုဆက်ဆံရမည်။ ကာကွယ်စောင့်ရှောက်မှုကို သေချာစေရန် စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် စခန်းလူထု၏ အခွင့်အရေးအားလုံးကို သိရှိရမည်။ အထူးသဖြင့် နေရပ်စွန့်ခွာ နေထိုင်ရခြင်း၊ နေထိုင်ရသည့်အခြေအနေနှင့် အကူအညီ ပေးရေး အစီအစဉ်များ၏ ဆောင်ရွက်ပုံတို့ကြောင့် ပို၍ အန္တရာယ်ကျရောက်နိုင်ခြေ ရှိသူများ၏ အခွင့်အရေးများကို သိနားလည်ရမည်။

ကာကွယ်စောင့်ရှောက်မှုမှာ အသက်အရွယ်၊ ကျား၊မ၊ လူမျိုး၊ ကိုးကွယ်သည့်ဘာသာ၊ လူမှုရေးအခြေအနေ နှင့် အခြား နောက်ခံအကြောင်းများနှင့် မပတ်သက်စေရဘဲ လူထုအားလုံး၏ အခွင့်အရေးကို အပြည့်အဝ နှင့် ညီမျှစွာ လေးစား လိုက်နာမှုကို သေချာစေရန် ရည်ရွယ်သည်။ နေရပ်စွန့်ခွာနေထိုင်ရသည့် အကြောင်းရင်းများစွာရှိသော်လည်း ရှင်းလင်း သောအချက်မှာ ပြည်သူတို့သည် မိမိတို့၏ အိုးအိမ်နှင့် ဥစ္စာပစ္စည်းအားလုံးကို စွန့်လွှတ်စွန့်ခွာရခြင်းမှာ ထိခိုက်ခံစားရ စေသော အတွေ့အကြုံပင်ဖြစ်သည်။ ရလဒ်မှာ ခံနိုင်ရည် ပျောက်ဆုံး၍ အန္တရာယ်ကျရောက်လွယ်ခြင်း ဖြစ်သည်။ စခန်းတစ်ခုရှိ ကာကွယ်စောင့်ရှောက်မှုလုပ်ငန်းများအား နယ်စပ်ဖြတ်ကျော် ဒုက္ခသည်များနှင့် ပြည်တွင်းနေရပ်စွန့်ခွာ နေထိုင်ရသူများအနေနှင့် ခွဲခြားဆက်ဆံခြင်း မခံရဘဲ ရရှိခံစားနိုင်ရန် သေချာစေသင့်သည်။ ၎င်းတို့မှာ

- ရုပ်ခန္ဓာပိုင်းဆိုင်ရာ လုံခြုံစိတ်ချရမှု၊ ရုပ်ပိုင်းဆိုင်ရာ အန္တရာယ်ပြုခံရခြင်းမှ တားဆီးကာကွယ်ပေးခြင်း
- တရားဥပဒေအရ လုံခြုံစိတ်ချရမှု၊ တရားစီရင်မှုကို လက်လှမ်းမီခြင်း၊ ဥပဒေအရ အခြေအနေတစ်ရပ် သတ်မှတ် ပေးခြင်းခံရရန် နှင့် မိမိကိုယ်ကို ကာကွယ်ပိုင်ခွင့်ကို လေးစားခြင်း
- ပစ္စည်းဥစ္စာများ လုံခြုံစိတ်ချရမှု၊ အခြေခံ လူသုံးပစ္စည်းနှင့် ဝန်ဆောင်မှုများကို ညီမျှစွာလက်လှမ်းမီစေခြင်း

စခန်းရှိ လူတစ်ဦးချင်းစီ၏ ဂုဏ်သိက္ခာကို တိုးမြှင့်ပေးသော ကာကွယ်စောင့်ရှောက်မှုလုပ်ငန်းများမှာ လုံခြုံရေး အစီအမံများ ထူထောင်ခြင်း၊ ရဲတပ်ဖွဲ့နှင့် တရားစီရင်ရေးစနစ်တို့နှင့် ညှိနှိုင်းပူးပေါင်း၍ အမှန်တကယ် ဆောင်ရွက်ပေးနိုင်သော ညွှန်းပို့ ခြင်း၊ သတင်းပို့ တိုင်ကြားခြင်းနှင့် နောက်ဆက်တွဲ ဆက်လက်ဆောင်ရွက်ပေးသည့်စနစ်များ နှင့် အစားအစာ၊ ရေ နှင့် ကျန်းမာရေးဝန်ဆောင်မှုများ ဖြစ်ကြသည်။

### ပြည်သူတို့၏ ကာကွယ်စောင့်ရှောက်မှုအတွက် အဓိကဆောင်ရွက်ရမည့်သူမှာ ၎င်းတို့ကိုယ်တိုင်ပင်ဖြစ်သည်။

"ကာကွယ်စောင့်ရှောက်မှုမှာ အခြေခံအားဖြင့် ပြည်သူများနှင့် သက်ဆိုင်သည်။ နိုင်ငံတော်၊ အာဏာပိုင်များ နှင့် အေဂျင်စီ များသည် အန္တရာယ်ကျရောက်နိုင်သူများအတွက် အဓိကဆောင်ရွက်ပေးရမည့်သူများ" တွေးမြင်ခြင်းမှာ မမှန်ကန်ပေ။ ပြည်သူတို့၏ ကာကွယ်စောင့်ရှောက်မှုအတွက် အဓိကဆောင်ရွက်ရမည့်သူမှာ အစဉ်အမြဲ ၎င်းတို့ ကိုယ်တိုင်ပင် ဖြစ်သည်။"

"သမိုင်းစဉ်တစ်လျှောက်ရှိ လက်နက်ကိုင်ပဋိပက္ခနှင့် သဘာဝဘေးအန္တရာယ်အများအပြား၏ အတွေ့အကြုံအရ ပြည်သူ

များတွင် မိမိတို့၏ အခွင့်အရေးကို ရဲရဲဝံ့ဝံ့စွာတင်ပြတောင်းခံနိုင်ရန် လုံလောက်သည့် စွမ်းရည်ရှိပါက လူ့အခွင့်အရေး နှင့် လူသားချင်းစာနာထောက်ထားမှု စံနှုန်းများကို လွယ်ကူစွာ လေးစားကာကွယ်ဖြည့်ဆည်းနိုင်ကြောင်းပင် ဖြစ်သည်။ မိမိတို့ကိုယ်ကို ကာကွယ်ရန်အတွက် လက်တွေ့နယ်ပယ်နှင့် မူဝါဒနယ်ပယ် နှစ်ရပ်လုံးတွင် တက်ကြွစွာ လုပ်ဆောင်နေကြသော အန္တရာယ်ကျရောက်နိုင်သည့် လူထုအား ပံ့ပိုးပေး၍ စွမ်းအားမြှင့်တင်ပေးသည့် သဘောတရားကို ကာကွယ်စောင့်ရှောက်မှုလုပ်ငန်းများအတွက် အဓိက မဟာဗျူဟာအဖြစ် ထိမ်းသိမ်းဆောင်ရွက်ရန် လိုသည်။ ပြည်သူတို့အနေနှင့် အခြားသူမှ ဆောင်ရွက်ပေးခြင်းထက် မိမိတို့ကိုယ်တိုင် စွမ်းဆောင်ရရှိသည့် ကာကွယ်စောင့်ရှောက်မှုမှာ ပိုမိုရေရှည်တည်တန့်နိုင်ပေမည်။ (ကာကွယ် စောင့်ရှောက်မှု - ၁၉၉၇ ခုနှစ် ALNAP လူသားချင်းစာနာထောက်ထားမှု အေဂျင်စီများအတွက် လမ်းညွှန်)

## အခွင့်အရေးများ

လူ့အခွင့်အရေးများမှာ လူသားအားလုံးအတွက် အကြုံးဝင်ပြီး တစ်ခုနှင့်တစ်ခု ဆက်နွယ်မှီခိုနေကာ ခွဲခြား အသုံးပြု၍ ခွဲခြားခံစား၍မရပါ။ အောက်ပါ လူ့အခွင့်အရေးများမှာ စခန်းအတွက် အထူးသဖြင့် ဆီလျော်ပတ်သက်မှု ရှိနိုင်သည်။ အချို့မှာ လူတိုင်းအတွက် ဖြစ်၍ အချို့မှာ ကလေးများနှင့် ဒုက္ခသည် များကဲ့သို့ သီးခြားအုပ်စုများအတွက် ဖြစ်နိုင်သည်။

| လူတိုင်းအတွက် လူ့အခွင့်အရေးများ<br>အချို့အုပ်စုများအတွက် သီးခြား လူ့အခွင့်အရေးများ | အချို့အုပ်စုများအတွက် သီးခြား<br>လူ့အခွင့်အရေးများ |
|---|---|
| • အသက်ရှင်သန်နေထိုင်ရန် အခွင့်အရေး<br>• ခွဲခြားဆက်ဆံခြင်း မှ လွတ်ကင်းရန်<br>• ညှင်းပမ်းနှိပ်စက်မှုနှင့် အခြားရက်စက်သော၊ လူမဆန်သော၊ နှိမ့်ချသော ဆက်ဆံမှု၊ အပြစ်ပေးမှုများမှ လွတ်ကင်းရန်<br>• ကျိုးကြောင်းမခိုင်လုံဘဲ ဖမ်းဆီးချုပ်နှောင်မှု မှ လွတ်ကင်းရန်<br>• ထွက်ခွာပျောက်ကွယ်သွားရန် အတင်းအကျပ် ခိုင်းစေခြင်းမှ လွတ်ကင်းရန်<br>• နိုင်ငံရေးခိုလှုံခွင့် ရရှိခံစားနိုင်ရန် အခွင့်အရေး<br>• တရားဥပဒေရှေ့မှောက်တွင် ညီမျှစွာ သတ်မှတ်ခံရပြီး ကာကွယ် စောင့်ရှောက်မှု ရရှိခွင့်<br>• ထိရောက်စွာ ပြန်လည်ပေးလျော်ကုစားမှု ရရှိခွင့်<br>• လွတ်လပ်စွာ ရွှေ့ပြောင်းသွားလာနိုင်ခွင့်<br>• မိသားစုဘဝ ရရှိခွင့်နှင့် မိသားစု စုစည်းနေထိုင်နိုင် ခွင့်<br>• မွေးဖွားမှု မှတ်ပုံတင်ခွင့်<br>• လုံလောက်သော အစားအစာ၊ အဂတ်အစားနှင့် နေထိုင်ရန် အိုးအိမ် အပါအဝင် လုံလောက်သော လူနေမှုအဆင့် ရရှိခွင့်<br>• အလုပ်လုပ်ကိုင်နိုင်ခွင့်<br>• ဖြစ်နိုင်သရွေ့ မြင့်မားသောကျန်းမာရေး အခြေအနေကို ခံစားရရှိခွင့် ပညာသင်ကြားခွင့်<br>• ပါဝင်ဆောင်ရွက်နိုင်ခွင့် | • မိဘ အသိုက်အဝန်း မရှိသော ကလေးအတွက် အထူးကာကွယ်စောင့်ရှောက်မှု ရရှိခွင့်<br>• ကလေးများအား ပြန်ပေးဆွဲခြင်း၊ လူကုန်ကူးခြင်းမှ ကင်းလွတ်ခွင့်<br>• အသက်မပြည့်သေးသူများအား အလုပ်သမားအဖြစ် စုဆောင်းခြင်းမှ ကင်းလွတ်ခွင့်<br>• ကလေးသူငယ်များ အလုပ် လုပ်ကိုင်ခြင်း ကို တားမြစ်ရန်<br>• နယ်စပ်ဖြတ်ကျော် ဒုက္ခသည်များအား အတင်းအကျပ် နေရပ်ပြန်စေခြင်းကို တားမြစ်ရန်<br>• နယ်စပ်ဖြတ်ကျော် ဒုက္ခသည်များအတွက် အထောက်အထား စာရွက်စာတမ်း ရရှိခွင့် |

## ကာကွယ်စောင့်ရှောက်မှုဆိုင်ရာ အန္တရာယ်ကျရောက်နိုင်ခြေများ

ပဋိပက္ခများ၊ အကြမ်းဖက်မှုများ၊ အနိုင်အထက်ပြုမှုများနှင့် သဘာဝဘေးအန္တရာယ်များကြောင့် ပျက်စီးဆုံးရှုံး၍ နေရပ်စွန့်ခွာရခြင်းများအတွက် အန္တရာယ်မှ ကာကွယ်စောင့်ရှောက်ပေးနိုင်ရန်မှာ စခန်းများသည် နောက်ဆုံး ရွေးချယ်ရမည့် ယာယီနေရာများဟု ယူဆသင့်သည်။ အဓိကကျသော ကာကွယ်စောင့်ရှောက်မှုဆိုင်ရာ အရေးကိစ္စများမှာ ဥပမာအားဖြင့် မိမိတို့၏ အခြေခံလိုအပ်ချက်များ၊ အခွင့်အရေးများနှင့် အိုးအိမ် ဥစ္စာပစ္စည်းများ ဆုံးရှုံးမည့် အခြေအနေကျရောက်နေခြင်း သို့မဟုတ် ဆုံးရှုံးမည်ကို စိုးရိမ် ရခြင်း၊ မိသားစုများနှင့် လူမှုရေးကွန်ယက်များ ပြိုကွဲခြင်းတို့ဖြစ်သည်။

အရေးပေါ်အခြေအနေများနှင့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပွားပြီးသည့်နောက် လူထုသည် လူ့အခွင့်အရေး ဆိုင်ရာ စိန်ခေါ်မှုများစွာကိုရင်ဆိုင်ရတတ်ကြောင်းသိမှတ်ရန်အရေးကြီးပါသည်။ စခန်းတစ်ခုတွင်ရှိနိုင်သည့်ကာကွယ်စောင့်ရှောက်မှုဆိုင်ရာ အရေးကိစ္စများမှာ ပြည်သူတို့အား စွန့်ခွာထွက်ပြေးလာစေ သည့် အကြောင်းရင်းများနှင့် တူနေနိုင်သည်။ ထို့ပြင် ထိခိုက်ခံစားရပြီး စိတ်ဆင်းရဲပူပန်သောကြောင့် ဖြစ်လာသည့် အန္တရာယ်များ၊ မိသားစုနှင့် လူမှုရေးကွန်ယက်များ ပြိုကွဲမှုကြောင့် ကာကွယ်စောင့်ရှောက်ပေးသည့် ပတ်ဝန်းကျင် ပျက်ပြား သည့် ကိစ္စများ ဖြစ်နေနိုင်သည်။ စခန်းတစ်ခုတွင် ပေါ်ပေါက်နိုင်သည့် ကာကွယ်စောင့်ရှောက်မှုဆိုင်ရာ အန္တရာယ် များတွင် အောက်ပါတို့ ပါဝင်နိုင်သည်။

- ➔ လုံခြုံစိတ်ချရမှု မရှိခြင်း - မိသားစုနှင့် လူမှုရေးကွန်ယက်များ ပြိုကွဲမှုများ၊ ရာဇဝတ်မှုများ၊ သဘာဝဘေး အန္တရာယ်များမှ ထပ်ဆင့်သက်ရောက်မှုများ၊ ဥပမာ လမ်းပိတ်ခြင်း၊ လက်နက်ကိုင်ခြင်း၊ လွတ်လပ်စွာ သွားလာမှုကို ပိတ်ပင်ခြင်း၊ စခန်း ဝန်းကျင်တွင် မြေမြှုပ်မိုင်းများရှိနေခြင်း၊ ခိုးဟုက်မှု၊ အကြမ်းဖက်မှု
- ➔ အကူအညီနှင့်ဝန်ဆောင်မှုများ လက်လှမ်းမီ ရရှိရန် အခက်အခဲများ - စခန်းစီမံခန့်ခွဲမှုတွင် အချို့အုပ်စုများမှ ပါဝင်မှု နည်းပါးခြင်း၊ အခြေခံပစ္စည်းများ၊ ဝန်ဆောင်မှုများ ရရှိရန် ခွဲခြားဆက်ဆံမှုများရှိခြင်း၊ ဝန်ဆောင်မှုပေးသူများတွင် စွမ်းဆောင်ရည်နှင့် ဖြန့်ဝေမှုများ အကန့်အသတ်ရှိနေခြင်း၊ သို့မဟုတ် တုံ့ပြန်တင်ပြရန် နှင့် မကျေနပ်မှုများ တိုင်ကြားနိုင် ရန်အတွက် ထိရောက်သော အစီအမံများ ရှိမနေခြင်း
- ➔ ကာကွယ်စောင့်ရှောက်မှုကို ရရှိရန် ခက်ခဲခြင်း - မွေးစာရင်း၊ မှတ်ပုံတင် နှင့်အခြား အထောက်အထားများ မရှိခြင်း၊ ရရှိရန် မလွယ်ကူခြင်း၊ ကိုယ်ပိုင်ပစ္စည်းများ ပျက်စီးဆုံးရှုံးခြင်း၊ တရားဥပဒေစိုးမိုးမှု မလုံလောက်ခြင်း၊ သို့မဟုတ် တရား မျှတပြီး ထိရောက်သော တရားစီရင်မှုစနစ်များအား လက်လှမ်းမမီနိုင်ခြင်း
- ➔ ကျား၊မ လူမှုကဏ္ဍ ကွဲပြားမှုကို အခြေခံသည့် အကြမ်းဖက်မှုများ - အိမ်ထောင်ဖက်များအကြား အကြမ်းဖက်မှု၊ လိင်မှုဆိုင်ရာ အကြမ်းဖက်မှု၊ အနိုင်အထက်ပြုမှု၊ လုယက်မှု၊ အမြတ်ထုတ်မှု၊ လူကုန်ကူးမှု
- ➔ ကလေးသူငယ် အကြမ်းဖက်မှုများ - အနိုင်အထက်ပြုမှု၊ လုယက်မှု၊ အမြတ်ထုတ်မှု၊ မိသားစု ကွဲကွာခြင်း၊ လူကုန်ကူးမှု
- ➔ စခန်းတွင် ကြာရှည်စွာနေထိုင်ရမှုနှင့် ဆက်နွယ်သော လူမှုရေးနှင့် စိတ်ပိုင်းဆိုင်ရာ ပြဿနာများ - အလုပ်လက်မဲ့ ဖြစ်ခြင်း၊ သို့မဟုတ် အလုပ်အကိုင်အတွက် အခွင့်အလမ်း ညီမျှမှုမရှိခြင်း၊ အရက်စွဲခြင်း၊
- ➔ စခန်းရွှေ့ပြောင်းခြင်း၊ ပိတ်သိမ်းခြင်းတို့နှင့် သက်ဆိုင်သော ပြဿနာများ - အတင်းအကျပ် ရွှေ့ပြောင်းစေခြင်း၊ လုံခြုံမှု မရှိဘဲ သဘောဆန္ဒအလျောက်မဟုတ်သည့် နေရပ်ပြန်စေခြင်း၊ ပစ္စည်းဥစ္စာများ ပြန်လည် ပေးလျော်မှု မရှိခြင်း၊ မြေယာ များအား လုပ်ကိုင်နိုင်ခွင့် မရှိခြင်း
- ➔ ဖြစ်နိုင်သည့်နေရာများတွင် လူဦးရေ ၁၀၀ ထက်နည်းသောအုပ်စုများအတွက် သေးငယ်သော စုစည်းနေထိုင်ရာနေရာ များ တည်ဆောက်ခြင်း - သေးငယ်သောနေရာများမှာ အုပ်စုအတွင်း ကိုယ်တိုင်စီမံနိုင်ခြင်းနှင့် အိမ်ရှင်လူထုနှင့် စည်းလုံးမှု ပိုမိုရရှိနိုင်ခြင်းတို့ကြောင့် ပို၍ လိုလားဖွယ်ဖြစ်သည်။
- ➔ အနိမ့်ဆုံး ရှိသင့်သည့် လူနေမှုအဆင့် ရရှိရန် - အထူးသဖြင့် ကာလကာရှည်သည့် ရွှေ့ပြောင်းနေထိုင်ရမှုအတွက်
- ➔ စုစည်းနေထိုင်ရာနေရာများတွင် ပြွတ်သိပ်ကျပ်တည်းမှု မဖြစ်စေရန် လုံလောက်သော နေရာထိုင်ခင်း ရှိစေခြင်း
- ➔ အသုံးမပြုသောနေရာများကို လုံခြုံစွာ ပိတ်ထားခြင်း၊ မီးထွန်းထားခြင်းဖြင့် အကြမ်းဖက်မှု ဖြစ်ပွားတတ်သောနေရာ နည်းပါးစေခြင်း

**စုစည်းနေထိုင်ရာနေရာများရှိ ကာကွယ်စောင့်ရှောက်မှုဆိုင်ရာ အန္တရာယ်များ**

စုစည်းနေထိုင်ရာနေရာများရှိ ကာကွယ်စောင့်ရှောက်မှုဆိုင်ရာ အန္တရာယ်များမှာ ရွှေ့ပြောင်းနေထိုင်ရသူ လူထုအဖို့ မသင့်လျော်သော သို့မဟုတ် ကျပ်သိပ်နေသောနေရာများတွင် ပို၍ ဖြစ်ပွားတတ်သည်။ အိမ်တွင်းအကြမ်းဖက်မှု၊ မုဒိမ်းမှုယစ်

ဆေးစွဲမှုနှင့် လိင်မှုဆိုင်ရာအကြမ်းဖက်မှုများ ဖြစ်ပွားတတ်ပြီး အချို့အုပ်စုများက အခြားအုပ်စုများအပေါ် လွှမ်းမိုး ချယ်လှယ်နိုင်သည်။ အန္တရာယ်များ လျော့နည်းစေရန် အောက်ပါ သတိပြုရန်အချက်များကို ဆောင်ရွက်သင့်သည်။

## အဓိက အရေးကိစ္စများ

### ပါဝင်ဆောင်ရွက်စေခြင်းဖြင့် ကာကွယ်စောင့်ရှောက်မှု

ကာကွယ်စောင့်ရှောက်မှုနှင့် အကူအညီပေးရေးလုပ်ငန်းများတွင် စခန်းလူထုမှ အဓိပ္ပါယ်ပြည့်ဝစွာ ပါဝင်စေရန်မှာ လူ့အခွင့်အရေးနှင့်ပြည်သူလူထုအခြေပြုပါဝင်ဆောင်ရွက်မှုနည်းလမ်းကို လိုအပ်သည်။ ဤသည်မှာ လူထုအားမိမိတို့ကိုယ်ကို ကာကွယ်စောင့်ရှောက်မှုအတွက် ကိုယ်တိုင်ဆောင်ရွက်သူများအဖြစ် လုပ်ကိုင်နိုင်စွမ်းကို တိုးမြှင့်ပေးခြင်း ဖြစ်သည်သာ မက စခန်းစီမံခန့်ခွဲမှုအေဂျင်စီနှင့် အခြား ကာကွယ်စောင့်ရှောက်မှုဆိုင်ရာ အဖွဲ့များအနေနှင့် စခန်းလူထုအားလုံး၏ အခွင့်အရေးကို ဖေါ်ထုတ်ပေးအပ်နိုင်ရန် သေချာစေရေးအတွက် ကူညီပေးခြင်းလည်းဖြစ်သည်။ လူထုဦးဆောင်မှုနှင့်တကွ အခြား အမျိုးသား၊ အမျိုးသမီးနှင့် လူငယ်များ၏ ကိုယ်စားလှယ်များကို အကူအညီပေးရေး လုပ်ငန်းများ ဒီဇိုင်းအစီအစဉ် ရေးဆွဲစဉ်ကပင် ပါဝင်စေသင့်သည်။

## မည်သူတို့ကို ကာကွယ်စောင့်ရှောက်ပေးရမည်နည်း

လူ့အခွင့်အရေးအားလုံးသည် ပြည်တွင်း ရွှေ့ပြောင်းနေထိုင်သူများ၊ နယ်စပ်ဖြတ်ကျော်ဒုက္ခသည်များ၊ နိုင်ငံမဲ့သူများနှင့် စခန်းတွင်နေထိုင်သူ မည်သူပင်ဖြစ်စေ၊ ဥပဒေအရ မည်သည့်သတ်မှတ်ချက်ရှိသည်ဖြစ်စေ လူသားအားလုံးအတွက် အကြုံးဝင်သော်လည်း အချို့အခွင့်အရေးများမှာ နိုင်ငံသားများနှင့် နိုင်ငံသားမဟုတ်သူများအတွက် ကွဲပြားနိုင်သည်။ နယ်စပ်ဖြတ်ကျော်ဒုက္ခသည်များနှင့် နိုင်ငံမဲ့သူများသည် အချို့အခွင့်အရေးများကို နိုင်ငံသားများနည်းတူ မခံစားနိုင်ပါ။ ထို့ကြောင့် စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် -

- ရွှေ့ပြောင်းနေထိုင်သူများအတွက် ဥပဒေအရ သတ်မှတ်ချက်ကို သိရှိရမည်။
- စခန်းလူထု၏ အခွင့်အရေးများကို ပိုမိုကောင်းမွန်စွာ မြှင့်တင်ပေးနိုင်ရန်အတွက် သက်ဆိုင်ရာ ပြည်တွင်းနှင့် နိုင်ငံတကာ ဥပဒေများကို သိရှိကျွမ်းဝင်ရမည်။
- ငြင်းခုံမှုများကို ဖြေရှင်းပေးနိုင်ရန်အတွက် ဓလေ့ထုံးတမ်းဥပဒေများနှင့် ဆီလျော်သည့် အလေ့အထများကို သိရှိ ကျွမ်းဝင်ရမည်။

## နယ်စပ်ဖြတ်ကျော် ဒုက္ခသည်များ

နယ်စပ်ဖြတ်ကျော် ဒုက္ခသည်ဆိုသည်မှာ မိမိ၏နိုင်ငံ သို့မဟုတ် နိုင်ငံသားဖြစ်သည့်နိုင်ငံ၏ ပြင်ပတွင်ရောက်ရှိနေခြင်း သို့မဟုတ် နိုင်ငံမဲ့သူဖြစ်ပါက နေထိုင်လျှက်ရှိသောနိုင်ငံ၏ ပြင်ပတွင်ရောက်ရှိနေပြီး အောက်ပါအကြောင်းများကြောင့် နေရပ်သို့ မပြန်နိုင်သူများကို ဆိုလိုသည်။

- လူမျိုး၊ ကိုးကွယ်သည့်ဘာသာ၊ နိုင်ငံသားဖြစ်မှု၊ လူမှုရေးအဖွဲ့အစည်းတစ်ခုခုတွင် ပါဝင်မှု သို့မဟုတ် နိုင်ငံရေး အယူအဆကြောင့် ဖိနှိပ်ညှင်းပမ်းခံရနိုင်သည့် ခိုင်မာသောအကြောင်းရှိနေခြင်း
- အထွေထွေဆူပူအုံကြွမှု သို့မဟုတ် လူထု၏ အခြေအနေကို ဆိုးဝါးစွာ ပျက်ယွင်းစေသည့် အဖြစ်အပျက်များကြောင့် အသက်၊ ကိုယ်ခန္ဓာ သို့မဟုတ် လွတ်လပ်မှုအတွက် ဆိုးဝါးစွာ အန္တရာယ် ကျရောက်နိုင်ခြေရှိခြင်း

### နယ်စပ်ဖြတ်ကျော် ဒုက္ခသည်များ၏ အခြေအနေနှင့် အခွင့်အရေးဆိုင်ရာ ဥပဒေနည်းလမ်းများ

နယ်စပ်ဖြတ်ကျော် ဒုက္ခသည်များ၏ အခြေအနေနှင့် အခွင့်အရေးများနှင့် သက်ဆိုင်သည့် အဓိက နိုင်ငံတကာ ဥပဒေ နည်းလမ်းမှာ ၁၉၅၁ခုနှစ် နယ်စပ်ဖြတ်ကျော် ဒုက္ခသည်များဆိုင်ရာသဘောတူညီချက်နှင့် ၎င်း၏ ၁၉၆၇ခုနှစ် လုပ်ထုံးလုပ်နည်းများ (၁၉၅၁ခုနှစ် သဘောတူညီချက်) ဖြစ်သည်။ နယ်စပ်ဖြတ်ကျော် ဒုက္ခသည်များနှင့် သက်ဆိုင်သည့် ဒေသဆိုင်ရာ နည်းလမ်းများမှာ အာဖရိကတိုက်ရှိ ဒုက္ခသည်ပြဿနာအတွက် အထူးအရေးကိစ္စများကို လွှမ်းမိုးသည့် အာဖရိက

ညီညွတ်ရေးအဖွဲ့ သဘောတူညီချက် (၁၉၆၉) နှင့် ဒုက္ခသည်များဆိုင်ရာ ကာတာဂျီနာ ကြေညာချက် (၁၉၈၄) တို့ဖြစ် သည်။

### နယ်စပ်ဖြတ်ကျော် ဒုက္ခသည်များအား အတင်းအကျပ် နေရပ်ပြန်စေခြင်းကို တားမြစ်သည့် အခြေခံ သဘောတရား

နယ်စပ်ဖြတ်ကျော်ဒုက္ခသည်များဆိုင်ရာ ဥပဒေ၏ အခြေခံအချက်မှာ နယ်စပ်ဖြတ်ကျော်ဒုက္ခသည်များအား အတင်းအကျပ် နေရပ်ပြန်စေခြင်းကို တားမြစ်သည့် သဘောတရားဖြစ်သည်။ ထိုသဘောတရားက ဖေါ်ပြသည်မှာ နယ်စပ် ဖြတ်ကျော် ဒုက္ခသည်တစ်ဦးအား ၎င်း၏ လူမျိုး၊ ကိုးကွယ်သည့်ဘာသာ၊ နိုင်ငံသားဖြစ်မှု၊ လူမှုရေးအဖွဲ့အစည်းတစ်ခုခုတွင် ပါဝင်မှု သို့မဟုတ် နိုင်ငံရေးအယူအဆကြောင့် အသက် သို့မဟုတ် လွတ်လပ်မှုကို ခြိမ်းခြောက်နေသည့် နိုင်ငံသို့ မည်သည့်နည်းနှင့်မှ ပြန်၍မပို့ရန်ဖြစ်သည်။ ဤသဘောတရားမှာ နိုင်ငံတကာ ကျင့်ထုံးဥပဒေ၏ တစ်စိတ်တစ်ပိုင်းလည်းဖြစ်သောကြောင့် နိုင်ငံအားလုံးအတွက် ဥပဒေအရ အကျုံးဝင်သည်။

## ပြည်တွင်း နေရပ်စွန့်ခွာ နေထိုင်ရသူများ (IDP)

ပြည်တွင်းနေရပ်စွန့်ခွာနေထိုင်ရသူများမှာ လက်နက်ကိုင်ပဋိပက္ခ၊ အထွေထွေဆူပူအုံကြွမှု၊ လူ့အခွင့်အရေး ချိုးဖေါက်မှု သို့မဟုတ် သဘာဝ နှင့် လူတို့ကြောင့်ဖြစ်သော ဘေးအန္တရာယ်တို့ကြောင့် မိမိတို့၏ နေအိမ်များကို စွန့်ခွာထွက်ပြေးရသူ များဖြစ်ပြီး နိုင်ငံတကာ အသိအမှတ်ပြု နိုင်ငံနယ်နိမိတ်ကို ဖြတ်ကျော်ခြင်း မရှိပါ။ နိုင်ငံသားမဟုတ်ဘဲ ထိုနိုင်ငံတွင် နေထိုင်နေသူများလည်း ပါဝင်နိုင်သော်လည်း အများအားဖြင့် ထိုနိုင်ငံ၏ နိုင်ငံသားများဖြစ်တတ်သည်။

ထိုနိုင်ငံ၏ နိုင်ငံသားဖြစ်မှု ဥပဒေများအရ ပြည်တွင်းနေရပ်စွန့်ခွာနေထိုင်ရသူများအတွက် သီးခြားသတ်မှတ်ချက် မရှိခြင်းလည်း ဖြစ်နိုင်သည်။ သို့သော် ၎င်းတို့မှာ အခြားနိုင်ငံသားများနှင့် နိုင်ငံသားမဟုတ်ဘဲ နေထိုင်နေသူများနည်းတူ နိုင်ငံ အာဏာပိုင်များမှ ကာကွယ်စောင့်ရှောက်ပေးခြင်းကို ရရှိရန် အခွင့်အရေး ရှိသူများဖြစ်သည်။

### ပြည်တွင်း နေရပ်စွန့်ခွာနေထိုင်ရသူများ (IDP) ၏ အခွင့်အရေး

ပြည်တွင်းနေရပ်စွန့်ခွာနေထိုင်ရသူများ (IDP) အတွက် သီးခြား နိုင်ငံတကာ သဘောတူညီချက်မရှိပါ။ သို့သော် ပြည်တွင်း နေရပ်စွန့်ခွာနေထိုင်ရခြင်းအတွက် ၁၉၉၈ခုနှစ်တွင် ထုတ်ပြန်သော လမ်းညွှန်သဘောတရားက မိမိနိုင်ငံတွင်း၌ နေရပ် စွန့်ခွာနေထိုင်ရသည့် အခြေအနေတွင် ရှိနေများအား ကာကွယ်စောင့်ရှောက်ပေးခြင်းနှင့် သက်ဆိုင်သည့် အခွင့်အရေး များ၊ အာမခံမှုများနှင့် စံနှုန်းများ ဖေါ်ထုတ်သတ်မှတ်ရန် မူဘောင်ကိုချမှတ်ပေးသည်။ ၎င်းတို့သည် နိုင်ငံတကာ လူ့အခွင့်အရေးများ၊ လူ့အခွင့်အရေး ဥပဒေ၊ ဒုက္ခသည်များဆိုင်ရာဥပဒေတို့နှင့် ထင်ဟပ်ကိုက်ညီမှု ရှိသည်။

ပြည်တွင်းနေရပ်စွန့်ခွာနေထိုင်ရသူများ (IDP) အား နိုင်ငံအစိုးရများက ဥပဒေအရ ကာကွယ်စောင့်ရှောက်မှု ပေးရန် အတွက် ဒေသဆိုင်ရာ စဉ်း ဆောင်ရွက်မှု နှစ်ခုရှိသည်။ ကမ်ပါလာ သဘောတူညီချက်ဟု သိရှိကြသည့် အာဖရိကတိုက်ရှိ ပြည်တွင်း နေရပ်စွန့်ခွာနေထိုင်ရသူများအား ကာကွယ်ကူညီပေးရန် အာဖရိကညီညွတ်ရေးအဖွဲ့၏ သဘောတူညီချက်မှာ ၂၀၁၂ခုနှစ်က အသက်ဝင်ခဲ့သည်။ ဂရိတ်လိပ်ဒေသ၏ လုံခြုံရေး၊ တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုတွင် ပါဝင်သည့် ပြည်တွင်း နေရပ်စွန့်ခွာနေထိုင်ရသူများအား ကာကွယ်ကူညီပေးရန် လုပ်ထုံးလုပ်နည်းများမှာ ၂၀၀၈ ခုနှစ်က စတင် အသက်ဝင်ခဲ့သည်။

ဒုက္ခသည်များနှင့် ပြည်တွင်းနေရပ်စွန့်ခွာနေထိုင်ရသူများကို မည်သို့ ခွဲခြားသတ်မှတ်မည်နည်း။

| ဒုက္ခသည်များ | ပြည်တွင်းနေရပ်စွန့်ခွာနေထိုင်ရသူများ |
|---|---|
| • နယ်စပ်ကို ဖြတ်ကျော်ခဲ့သည်။<br>• ထွက်ပြေးခဲ့သည့် အကြောင်းရင်းများတွင် သဘာဝ ဘေးအန္တရာယ်ကြောင့် မပါဝင်ပါ။<br>• မိမိနေရင်းနိုင်ငံမှ ကာကွယ်စောင့်ရှောက်ပေးမှုကို ဆုံးရှုံးခဲ့သည်။<br>• ၄င်းတို့အတွက် သတ်မှတ်ချက်ကြောင့် အခွင့်အရေး အချို့ ရပိုင်ခွင့်ရှိသည်။ | • မိမိတို့နိုင်ငံတွင်းမှာပင် ရွှေ့ပြောင်းနေထိုင်ရသည်။<br>• ရွှေ့ပြောင်းခဲ့သည့် အကြောင်းရင်းများတွင် သဘာဝ ဘေးအန္တရာယ်ကြောင့် ပါဝင်နိုင်သည်။<br>• မိမိနေရင်းနိုင်ငံ၏ ကာကွယ်စောင့်ရှောက်မှု အောက် တွင်ရှိသည်။<br>• နိုင်ငံတကာဥပဒေများအရ သီးခြားသတ်မှတ်ချက် မရှိပါ။ သို့သော် အခြားနိုင်ငံသားများ နည်းတူ အချို့အခွင့်အရေးများကို ခံစားခွင့် ရှိသည်။ |

**အိုးအိမ်နှင့် ဥစ္စာပစ္စည်းများ ပြန်လည်ပေးအပ်ခြင်းအတွက် ပင်ဟိုင်ရို သဘောတရား**

၂၀၀၅ခုနှစ်တွင် စတင်ခဲ့သည့် ကုလသမဂ္ဂ၏ နယ်စပ်ဖြတ်ကျော်ဒုက္ခသည်များနှင့် ပြည်တွင်းနေရပ်စွန့်ခွာနေထိုင်ရသူများ အတွက် အိုးအိမ်နှင့် ဥစ္စာပစ္စည်းများ ပြန်လည်ပေးအပ်ခြင်းအတွက် သဘောတရားကို - ပင်ဟိုင်ရို သဘောတရားဟု သိရှိကြသည်။ ၄င်းမှာ နယ်စပ်ဖြတ်ကျော် ဒုက္ခသည်များနှင့် ပြည်တွင်းနေရပ်စွန့်ခွာနေထိုင်ရသူများအတွက် နိုင်ငံရင်းသို့ ပြန်နိုင်ရုံသာမက မူရင်းနေအိမ်နှင့် မြေယာများ ပြန်လည်ရရှိနိုင်ရန်နှင့် မဖြစ်နိုင်ပါက ဆုံးရှုံးခဲ့သော နေအိမ်၊ မြေယာနှင့် ဥစ္စာပစ္စည်းများအတွက် အစားထိုးပေးရန် တရားမျှတ၍ ကျေနပ်လောက်သော ပေးလျော်မှုကို ရရှိရန် အခွင့် အရေးကို ဖော်ပြထားသော နိုင်ငံတကာ စံနှုန်းများဖြစ်သည်။ ၂၀၀၇ခုနှစ်တွင် ထုတ်ဝေသည့် လက်စွဲစာအုပ်၌ ပင်ဟိုင်ရို သဘောတရားကို ဆောင်ရွက်နိုင်ရန် လက်တွေ့လမ်းညွှန်ချက်များကို ဖော်ပြထားသည်။

## နိုင်ငံမဲ့သူများ

နိုင်ငံမဲ့သူများမှာ မည်သည့်နိုင်ငံကမှ နိုင်ငံသားအဖြစ် သတ်မှတ်ထားခြင်း မရှိသူများဖြစ်သည်။ အများစုမှာ နေထိုင်ရာ နိုင်ငံတွင် မည်သည့်တရားဝင် သတ်မှတ်ချက်မျှ မရှိသဖြင့် နိုင်ငံတော်မှ ထိရောက်သော ကာကွယ် စောင့်ရှောက်ပေးခြင်းကို မရရှိပါ။

**နိုင်ငံမဲ့သူများ၏ အခွင့်အရေး**

နိုင်ငံမဲ့သူများ၏ အခြေအနေဆိုင်ရာ ၁၉၅၄ခုနှစ် သဘောတူညီချက်အရ "လူတိုင်းတွင် နိုင်ငံသားဖြစ်ခွင့် ရှိသည်။" ၄င်းအား ၁၉၆၁ခုနှစ် နိုင်ငံမဲ့သူများ လျော့ချရေး သဘောတူညီချက်က ဖြည့်စွက်ပေးသည်။ ၁၉၅၄ခုနှစ် သဘောတူညီချက်အား နိုင်ငံပေါင်း ၈၃ နိုင်ငံကသာ လက်မှတ်ရေးထိုးပြီး သဘောတူလက်ခံခဲ့သည်။

ရွှေ့ပြောင်းနေထိုင်ရသည့်အခြေအနေတွင် နိုင်ငံမဲ့သူများမှာ ထိခိုက်အလွယ်ဆုံးဖြစ်နိုင်သည်။ နိုင်ငံသားများ ရရှိနိုင်သည့် အခွင့်အရေးများကို တောင်းဆိုရာတွင် ခွဲခြားဆက်ဆံမှုများနှင့် ကြုံတွေ့ရတတ်သည်။ ဥပမာ - မွေးစာရင်း မှတ်ပုံတင်ခွင့်၊ အခြား အထောက်အထား စာရွက်စာတမ်းများ ရရှိခွင့်။

နိုင်ငံမဲ့သူများမှာ ဒုက္ခသည်များ အကြားတွင်လည်း ရှိနိုင်သည်။ အကယ်၍ နိုင်ငံဖြတ်ကျော်ဒုက္ခသည်များအတွက် သတ်မှတ်ချက်နှင့် ကိုက်ညီပါက ထိုသတ်မှတ်ချက်အတွက် အခွင့်အရေး များကို ရရှိနိုင်သည်။

## ကလေးများ

ပဋိပက္ခ သို့မဟုတ် ဘေးဒုက္ခအန္တရာယ်ကြောင့် မိန်းကလေးနှင့် ယောကျ်ားလေးများမှာလည်း သေဆုံးရခြင်း၊ ထိခိုက် ဒဏ်ရာရခြင်းတို့ ဖြစ်နိုင်သည်။ မိဘမဲ့ဘဝသို့ ကျရောက်နိုင်သည်။ မိသားစုများနှင့် ကွဲကွာနိုင်သည်။ လက်နက်ကိုင်တပ်ဖွဲ့များ၊

အဖွဲ့အစည်းများထဲသို့ စည်းရုံးခေါ်ဆောင်ခံရနိုင်သည်။ လူကုန်ကူးခံရနိုင်သည်။ သို့တည်းမဟုတ် ထိုထိခိုက်မှုအများအပြားကို တစ်ပြိုင်တည်း ခံစားရနိုင်သည်။ သူတို့အတွက် ကျောင်းမနေနိုင်ခြင်း၊ အစာရေစာ မရရှိခြင်းတို့ဖြစ်နိုင်ပြီး ပုံမှန်စိတ်ပိုင်းနှင့် ရုပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးမှုများကို ထိခိုက်စေနိုင်သည်။

ဒုက္ခသည်များနှင့် နေရပ်စွန့်ခွာနေထိုင်ရသူများထဲမှ ကလေးများကို လူကြီးများနှင့် တူညီစွာ နိုင်ငံတကာနှင့် ပြည်တွင်း ဥပဒေ များက ကာကွယ်ပေးထားသော်လည်း ကလေးများမှာ ရုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာများ၌ လူလားမမြောက်သေးသော ကြောင့် လုံခြုံမှုနှင့် ပြုစုစောင့်ရှောက်မှုများ နောက်ထပ်လိုအပ်သည်။ ကလေးများအား ကာကွယ်စောင့်ရှောက်ပေးမှုကို သေချာစေရန် ကလေးသူငယ် အခွင့်အရေးဆိုင်ရာ သဘောတူညီချက်နှင့် လူသားချင်း စာနာထောက်ထားမှုလုပ်ငန်းများတွင် ကလေးများအတွက် အနိမ့်ဆုံးစံနှုန်းများ ပြုစုထားပါသည်။

### ကလေးသူငယ် အခွင့်အရေး ဆိုင်ရာ သဘောတူညီချက်

ကလေးသူငယ် အခွင့်အရေး ဆိုင်ရာ သဘောတူညီချက်ကို ၁၉၈၉ခုနှစ် နိုဝင်ဘာလ အထွေထွေညီလာခံမှ စတင်၍ သတ်မှတ်ခဲ့ပြီး သဘောတူ လက်မှတ်ရေးထိုးနိုင်ရန် ဖွင့်လှစ်ပေးထားခဲ့သည်။ ၁၉၉၀ခုနှစ် စက်တင်ဘာလမှ စတင်၍ အသက်ဝင်ခဲ့ပါသည်။ ၎င်းအား ကုလသမဂ္ဂ အဖွဲ့ဝင် နိုင်ငံများအနက် အမေရိကန် ပြည်ထောင်စု၊ ဆိုမာလီယာနှင့် ဆူဒန်နိုင်ငံတို့မှလွဲ၍ နိုင်ငံအားလုံးမှ သဘောတူခဲ့ပါသည်။

လူသားချင်း စာနာထောက်ထားမှုလုပ်ငန်းများတွင် ကလေးများအတွက် အနိမ့်ဆုံး စံနှုန်းများအား ၂၀၁၂ခုနှစ် တွင် ကမ္ဘာလုံးဆိုင်ရာ ကလေးသူငယ်ကာကွယ်စောင့်ရှောက်မှုလုပ်ငန်းအဖွဲ့မှပြုစုခဲ့သည်။ ကလေးသူငယ်ကာကွယ်စောင့်ရှောက်မှု လုပ်ငန်း သို့မဟုတ် ဆက်နွယ်နေသော လူသားချင်းစာနာထောက်ထားမှုလုပ်ငန်း ဆောင်ရွက်နေသူများမှ အသုံးပြုရန် ရည်ရွယ်ပါသည်။

အနိမ့်ဆုံး စံနှုန်းများ၏ အဓိက ရည်ရွယ်ချက်မှာ ကလေးသူငယ် ကာကွယ်စောင့်ရှောက်မှု လုပ်ငန်းများ အရည်အသွေး ပြည့်မီစေရန် နှင့် တာဝန်ခံယူမှု ရှိစေရန် ဖြစ်သည်။ အရေးပေါ်အခြေအနေများ၌ ကလေးသူငယ် ကာကွယ်စောင့်ရှောက်မှုမှာ နိုင်ငံတော်မှ သို့မဟုတ် လူထုအခြေပြု စောင့်ရှောက်မှု လုပ်ဆောင်သူများနှင့် ရပ်ရွာဒေသအတွင်း စွမ်းဆောင်ရည်ကို ပံ့ပိုးပေးသည့် လူသားချင်းစာနာထောက်ထားမှု ဝန်ထမ်းများအတွက် သီးခြားလုပ်ငန်းများ ပါဝင်သည်။ စခန်းစီမံခန့်ခွဲမှု အေဂျင်စီသည် အနိမ့်ဆုံး စံနှုန်းများအတိုင်းလိုက်နာမှုကို သေချာစေရမည်။ စခန်းစီမံခန့်ခွဲမှုနှင့် သက်ဆိုင် သည့် အချက်အချို့မှာ အောက်ပါအတိုင်းဖြစ်သည်။

- စံနှုန်း (၁) - ညှိနှိုင်းဆောင်ရွက်ခြင်း - အေဂျင်စီသည် ကလေးသူငယ် ကာကွယ်စောင့်ရှောက်မှုလုပ်ငန်းများအား ဦးစားပေးဆောင်ရွက်ရန်၊ အကျိုးရှိရန်၊ ကြိုတင်ခန့်မှန်းနိုင်ရန် နှင့် ထိရောက်စေရန် သေချာစေရမည်။
- စံနှုန်း (၁၃) - အတူလိုက်ပါစောင့်ရှောက်သူမရှိသော၊ မိသားစုနှင့် ကွဲကွာနေသော ကလေးများ - မိသားစုနှင့် ကွဲကွာ ခြင်းကို တားဆီးရမည်။ သိမှတ်၍ တုံ့ပြန်ဆောင်ရွက်ပေးရမည်။ အတူလိုက်ပါစောင့်ရှောက်သူမရှိသော၊ မိသားစုနှင့် ကွဲကွာနေသော ကလေးများအား ပြုစုစောင့်ရှောက်ပေးပြီး ၎င်းတို့၏ သီးခြားလိုအပ်ချက်အရ၊ ၎င်းတို့၏ စိတ်ဆန္ဒအရ ကာကွယ်ပေးရမည်။
- စံနှုန်း (၁၅) - စီမံခန့်ခွဲမှု - ကာကွယ်စောင့်ရှောက်မှု အရေးပေါ်လိုအပ်နေသော မိန်းကလေးများ နှင့် ယောကျ်ားလေး များအတွက် အသက်အရွယ်နှင့်ယဉ်ကျေးမှုအရသင့်လျော်သော သတင်းအချက်အလက်များနှင့် ထိရောက်၍ကလေးများလက်ခံလွယ်သော ကဏ္ဍစုံ တုံ့ပြန်ဆောင်ရွက်ပေးမှုများကို ရရှိသင့်သည်။ ၎င်းအတွက် သက်ဆိုင်ရာ ဆောင်ရွက်ပေးရမည့်သူများမှ တာဝန်ခံမှုရှိပြီး ညှိနှိုင်းဆောင်ရွက်ပေးရမည်။
- စံနှုန်း (၂၀) - ပညာရေးနှင့် ကလေးသူငယ် ကာကွယ်စောင့်ရှောက်မှု - ကလေးသူငယ် ကာကွယ်စောင့်ရှောက်မှု ဆိုင်ရာ ကိစ္စများကို ပညာရေးလုပ်ငန်းများအတွက် အခြေအနေဆန်းစစ်ခြင်း၊ ပုံစံရေးဆွဲခြင်း၊ စောင့်ကြည့်ကြီးကြပ်ခြင်းနှင့် အကဲဖြတ် သုံးသပ်ခြင်းတို့တွင် ထင်ဟပ်ပါဝင်ရမည်။ အသက်အရွယ်အားလုံးရှိ မိန်းကလေးများနှင့် ယောကျ်ားလေး များအတွက် လုံခြုံစိတ်ချရသော၊ အရည်အသွေးမြင့်သော၊ ကလေးများလက်ခံလွယ်သော၊ ညှိနှိုင်းပြောင်းလဲလွယ်သော၊ ဆီလျော်သော၊ ကာကွယ်စောင့်ရှောက်ရှိသည့် သင်ယူမှုအခွင့်အရေးများကို ကာကွယ်စောင့်ရှောက်မှု ပေးထားသော ပတ်ဝန်းကျင်အခြေအနေတွင် လက်လှမ်းမီ ရရှိနိုင်ရမည်။

☛ ကလေးသူငယ်ကာကွယ်စောင့်ရှောက်မှုအတွက် အနိမ့်ဆုံးစံနှုန်းများအကြောင်း ပိုမိုသိရှိလိုပါက ရည်ညွှန်းစာအုပ်များအပိုင်းတွင် ဖော်ပြထားသော လူသားချင်းစာနာထောက်ထားမှုလုပ်ငန်းများတွင် ကလေးသူငယ် ကာကွယ်စောင့်ရှောက်မှုအတွက် အနိမ့်ဆုံးစံနှုန်းများ စာအုပ်တွင် လေ့လာနိုင်သည်။

## မည်သူတို့က ကာကွယ်စောင့်ရှောက်ပေးရမည်နည်း။

နိုင်ငံအာဏာပိုင်များက မိမိတို့ ပိုင်နက်နယ်မြေအတွင်းရှိ လူတိုင်း၏ အခွင့်အရေးကို ကာကွယ်စောင့်ရှောက် မြှင့်တင်ပေးရန် တာဝန်ရှိပါသည်။ နိုင်ငံများသည် စွမ်းဆောင်ရည်၊ အရင်းအမြစ် သို့မဟုတ် နိုင်ငံရေးအရ ဆန္ဒမရှိသောကြောင့် တစ်ခါတစ်ရံ ထိုတာဝန်ကို မရှက်ဆောင်ဘဲ ရှိနိုင်သည်။ နိုင်ငံအာဏာပိုင်များသည် တစ်ခါတစ်ရံ အချို့အုပ်စုများအတွက် အခွင့်အရေးများကို လေးစားကာကွယ် ဖြည့်ဆည်းပေးရန် ဆန္ဒမရှိခြင်းလည်း ဖြစ်နိုင်သည်။

ထို့ကြောင့် နိုင်ငံတကာ အသိုက်အဝန်းက အစိုးရများမှ ၎င်းတို့၏တာဝန်ကို ရှက်ဆောင်နိုင်ရေးအား ပံ့ပိုးပေးရန်အတွက် အဖွဲ့အစည်းအချို့ကို တာဝန်ခံယူစေပါသည်။ ထိုအဖွဲ့အစည်းများတွင် ကာကွယ်စောင့်ရှောက်မှုအတွက် သီးခြားကျွမ်းကျင်မှုများ ရှိကြသည်။ ကာကွယ်စောင့်ရှောက်မှုဆိုင်ရာ အဓိက အေဂျင်စီများမှာ -

### ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ အေဂျင်စီ (UNHCR)

ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ အေဂျင်စီသည် တစ်ကမ္ဘာလုံးရှိ ဒုက္ခသည်များအား နိုင်ငံတကာမှ ကာကွယ် စောင့်ရှောက်ပေးမှုများနှင့် ပြဿနာဖြေရှင်းပေးမှုများအတွက် ဦးဆောင်ညှိနှိုင်းဆောင်ရွက်ရန် ကုလသမဂ္ဂမှ တာဝန်ပေးအပ်ထားသော အဖွဲ့အစည်း ဖြစ်သည်။ UNHCR သည် နိုင်ငံမဲ့သူများ သတ်မှတ်ဖော်ထုတ်ရေး၊ ကာကွယ်ရေးနှင့် လျော့ချရေးတို့အပြင် ၎င်းတို့အား ကာကွယ်စောင့်ရှောက်ရေးတို့အတွက် အခြား သက်ဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများ နှင့် ပူးပေါင်းဆောင်ရွက်ရန် ကမ္ဘာ့တစ်ဝှမ်းမှ တာဝန်ပေးအပ်မှုကိုလည်း ရရှိထားသည်။ လွန်ခဲ့သည့် ဆယ်စုနှစ်အတွင်းက လူသားချင်းစာနာထောက်ထားမှုဆိုင်ရာလုပ်ငန်းများ ပြုပြင်ပြောင်းလဲမှုအရ ပြည်တွင်းနေရပ်စွန့်ခွာနေထိုင်ရသူများအား ကာကွယ်စောင့်ရှောက်မှုအတွက် UNHCR အား ကမ္ဘာလုံးဆိုင်ရာ အစုအဖွဲ့၏ ဦးဆောင်အေဂျင်စီအဖြစ် တာဝန်ပေးအပ်ထားသည်။

> **ကာကွယ်စောင့်ရှောက်မှုအတွက် တာဝန်ခံယူထားသော အေဂျင်စီများ**
>
> နိုင်ငံအဆင့်တွင် ရှုပ်ထွေးသော အရေးပေါ်အခြေအနေများအတွက် UNHCR သည် ကာကွယ်စောင့်ရှောက်မှု အစုအဖွဲ့၏ ဦးဆောင်အဖွဲ့အစည်းဖြစ်သည်။ ကာကွယ်စောင့်ရှောက်မှု အစုအဖွဲ့အတွင်း၌ အောက်ပါ လုပ်ငန်း တာဝန် ၅ရပ်ကို ဖော်ထုတ်၍ သီးခြား အဖွဲ့အစည်းများအား တာဝန်ပေးအပ်ထားသည်။
>
> - ➔ တရားဥပဒေ စိုးမိုးရေး - ကုလသမဂ္ဂ ဖွံ့ဖြိုးရေး အစီအစဉ် နှင့် ကုလသမဂ္ဂ လူ့အခွင့်အရေးများဆိုင်ရာ မဟာမင်းကြီးရုံး
> - ➔ ကျားမ လူမှုကဏ္ဍ ကွဲပြားမှုကို အခြေခံသည့် အကြမ်းဖက်မှုများ - ကုလသမဂ္ဂ လူဦးရေရန်ပုံငွေအဖွဲ့
> - ➔ ကလေးသူငယ် ကာကွယ်စောင့်ရှောက်မှု - ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့
> - ➔ မြေမြှုပ်မိုင်းများဆိုင်ရာ လုပ်ငန်း - ကုလသမဂ္ဂ မြေမြှုပ်မိုင်းဆိုင်ရာလုပ်ငန်းများ ဝန်ဆောင်မှုအဖွဲ့ (UNMAS)
> - ➔ နေအိမ်၊ မြေယာနှင့် ဥစ္စာပစ္စည်း - ကုလသမဂ္ဂ နေထိုင်မှုဆိုင်ရာ အဖွဲ့ (UN-HABITAT)
>
> သဘာဝဘေးအန္တရာယ်ကျရောက်သည့် အခြေအနေများတွင် UNICEF, UNHCR နှင့် OHCHR တို့က တိုင်ပင်ဆွေးနွေး၍ အသင့်လျော်ဆုံး ဦးဆောင်မှု ဖွဲ့စည်းပုံကို ဆုံးဖြတ်ပေးမည်။

### ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့ (UNICEF)

ကလေးသူငယ်များ၏ အခွင့်အရေးကို ကာကွယ်ပေးရန်၊ အခြေခံလိုအပ်ချက်များ ရရှိရန် နှင့် အလားအလာရှိသည့်အတိုင်း အပြည့်အဝရောက်ရှိနိုင်မည့် အခွင့်အလမ်းများ တိုးတက်စေရေးတို့အတွက် ရှင်းပြတိုက်တွန်းရန် ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့အား ကုလသမဂ္ဂအထွေထွေညီလာခံမှ တာဝန်ပေးအပ်ထားသည်။

### ကုလသမဂ္ဂ လူ့အခွင့်အရေးများဆိုင်ရာ မဟာမင်းကြီးရုံး (UNCHR)

ကုလသမဂ္ဂ လူ့အခွင့်အရေးများဆိုင်ရာ မဟာမင်းကြီးရုံး၏လုပ်ငန်းမှာ လူသားအားလုံးအတွက် လူ့အခွင့်အရေးအားလုံးကို

ကာကွယ်စောင့်ရှောက်ပေးရန်၊ ပြည်သူများအား မိမိတို့၏ အခွင့်အရေးများ အမှန်တကယ်ရရှိရေး အတွက် လုပ်ပိုင်ခွင့် အပ်နှင်းရန်နှင့် ထိုအခွင့်အရေးများကို ထိမ်းသိမ်းပေးရန် တာဝန်ရှိသူများအား အကောင်အထည်ဖေါ်မှုအတွက် ကူညီ ပေးရန် ဖြစ်သည်။

## နိုင်ငံတကာ ကြက်ခြေနီ ကော်မီတီ (ICRC)

နိုင်ငံတကာကြက်ခြေနီကော်မီတီသည် လွတ်လပ်သော ကြားနေအဖွဲ့အစည်းဖြစ်ပြီး လက်နက်ကိုင်ပဋိပက္ခသို့မဟုတ် အခြားအကြမ်းဖက်မှု အခြေအနေများတွင် ထိခိုက်ခံစားရသူများအား လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကာကွယ်စောင့်ရှောက်မှုနှင့် အကူအညီများကို ပေးအပ်နိုင်စေရန်ဖြစ်သည်။ ၄င်းသည် အရေးပေါ်အခြေအနေများတွင် တုံ့ပြန်ဆောင်ရွက်ပေးပြီး တစ်ချိန်တည်းမှာပင် နိုင်ငံတကာ လူသားချင်းစာနာထောက်ထားမှု ဥပဒေများနှင့် ပြည်တွင်းဥပဒေများကို လေးစားလိုက်နာဆောင်ရွက်စေရန် မြှင့်တင်ပေးသည်။

### မိသားစုများအား ခြေရာကောက် ရှာဖွေခြင်း

လက်နက်ကိုင် ပဋိပက္ခ သို့မဟုတ် သဘာဝဘေးအန္တရာယ်များကြောင့် လူများရွှေ့ပြောင်းရပြီး မိသားစုများ တကွဲတပြား ဖြစ်ကြသည့်အခါ ICRC သည် သက်ဆိုင်ရာနိုင်ငံအလိုက် ကြက်ခြေနီ သို့မဟုတ် လခြမ်းနီအဖွဲ့များနှင့် ပူးပေါင်း၍ မိသားစုများအား ခြေရာကောက် ရှာဖွေပေးသည့်ဝန်ဆောင်မှုကို ဆောင်ရွက်ပေးနိုင်သည်။ ၄င်းတို့အား စခန်းများသို့ အချိန်မှန်လာရောက်ခြင်း သို့မဟုတ် စခန်းတွင် အခြေချဆောင်ရွက်ပေးခြင်းအတွက် တိုက်တွန်းနိုင်သည်။ ICRC သည် စခန်းလူထုအား မိသားစုများကို ခြေရာကောက် ရှာဖွေနိုင်ရန်နှင့် ပဋိပက္ခကြောင့် ပြတ်တောက်နေသည့်နေရာများမှ ဆွေမျိုးများနှင့် အဆက်အသွယ် မပြတ်စေရန် ကူညီပေးနိုင်သည်။ ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့နှင့် နီးစပ်စွာ လက်တွဲ၍ ကလေးသူငယ်များနှင့် ဆယ်ကျော်သက်ရွယ်များအတွက် မိသားစုများ ခြေရာကောက် ရှာဖွေခြင်း၊ ပြန်လည်ဆုံဆည်းရေး လုပ်ငန်းများကို ဆောင်ရွက်သည်။

- တာဝန်ခံယူထားသော အဖွဲ့အစည်းများအကြောင်း ပိုမိုသိရှိလိုပါက ရည်ညွှန်းစာအုပ်များအပိုင်းမှ - ကာကွယ်စောင့်ရှောက်မှုဆိုင်ရာ အေဂျင်စီများ၏ တာဝန်ခံယူမှု နှင့် ကျွမ်းကျင်မှုနယ်ပယ်တွင် လေ့လာပါ။

## ကာကွယ်စောင့်ရှောက်မှုအတွက် တာဝန်ခံယူမထားသော အေဂျင်စီများ

ကာကွယ်စောင့်ရှောက်မှုအတွက် တာဝန်ခံယူမထားသော အေဂျင်စီများမှာ ပြည်တွင်းနှင့် နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများ ဖြစ်သည်။ အများစုမှာ ကမ္ဘာလုံးဆိုင်ရာ ကာကွယ်စောင့်ရှောက်မှု အစုအဖွဲ့၏ လုပ်ငန်းအုပ်စုတွင် ပါဝင် ကြသည်။ ၄င်းတို့သည် လူ့အခွင့်အရေးချိုးဖေါက်မှုများအတွက် စောင့်ကြည့်ကြီးကြပ်ခြင်း၊ အစီရင်ခံခြင်း နှင့် ရှင်းပြ အရေးဆိုခြင်းတို့မှတစ်ဆင့် နိုင်ငံတကာမှ ကာကွယ်စောင့်ရှောက်ပေးမှုကို အားဖြည့်ပေးရန် ထိရောက်အရေးပါသော အခန်းကဏ္ဍမှ ပါဝင်သည်။ တာဝန်ခံယူမထားသော အေဂျင်စီများမှာ လွတ်လပ်စွာ ထုတ်ဖေါ်ပြောဆိုခွင့်၊ ပညာရေးနှင့် ကျန်းမာရေးဆိုင်ရာ အခွင့်အရေးများ စသည်ဖြင့် သီးခြားအခွင့်အရေးများအတွက် ဦးတည်ဆောင်ရွက်ခြင်းလည်း ဖြစ်နိုင်သည်။ သို့မဟုတ် ကလေးများ၊ မသန်စွမ်းသူများ၊ သက်ရွယ်ကြီးသူများ၊ ဒုက္ခသည်များ၊ နေရပ်စွန့်ခွာနေထိုင်ရသူများ စသည်ဖြင့် ရွေးချယ် အုပ်စုများအတွက် အကူအညီပေးခြင်းနှင့် စွမ်းဆောင်ရည်မြှင့်တင်ခြင်းတို့ကို အထူးသီးခြား ဆောင်ရွက်ခြင်းလည်း ဖြစ်နိုင်သည်။

## အခန်းကဏ္ဍနှင့် တာဝန်ဝတ္တရားများ

စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် စခန်းအဆင့်၌ ၄င်း၏ ညှိနှိုင်းဆောင်ရွက်မှုတာဝန်များမှတစ်ဆင့် စွမ်းဆောင်ရည်ရှိသော အာဏာပိုင်များက ၄င်းတို့၏ ကာကွယ်စောင့်ရှောက်မှုတာဝန်ကို ဆောင်ရွက်နိုင်ရန်အတွက် ပံ့ပိုးပေးရန် တာဝန်ရှိသည်။ ထိုပံ့ပိုးမှုမှာ ကာကွယ်စောင့်ရှောက်မှုဆိုင်ရာအေဂျင်စီနှင့်အခြား NGO များနှင့် ဝန်ဆောင်မှုပေးသူများအတွက် အခြေခံ လည်းဖြစ်သည်။ စခန်းရှိ ကာကွယ်စောင့်ရှောက်မှု အရေးကိစ္စများကို နိုင်ငံအာဏာပိုင်များ သို့မဟုတ် ကာကွယ် စောင့်ရှောက်မှု ဦးဆောင်အေဂျင်စီနှင့် တာဝန်ခံယူထားသော အေဂျင်စီများကဲ့သို့သော ကျွမ်းကျင်အဖွဲ့အစည်းများထံ အချိန်မီ တင်ပြရမည်။

စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် ကာကွယ်စောင့်ရှောက်မှု၊ ပြည်တွင်းဥပဒေအပါအဝင် ဥပဒေမူဘောင်များနှင့်တကွ

လူသားချင်းစာနာထောက်ထားမှုအတွက် အဓိကသီးခြားကာကွယ်စောင့်ရှောက်မှု ပေးသူများနှင့်ပတ်သက်၍ ကောင်းစွာသိရှိနားလည်ထားရန် လိုအပ်သည်။ စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် စခန်းလူထုမှာ ကာကွယ်စောင့်ရှောက်မှုဆိုင်ရာ အန္တရာယ်အမျိုးမျိုးနှင့် တွေ့ကြုံနိုင်ပြီး ထိုအန္တရာယ်နှင့် လိုအပ်ချက်များမှာ အသက်အရွယ်၊ ကျားမ၊ လူမျိုး၊ ကိုးကွယ် သည့်ဘာသာ နှင့် မသန်စွမ်းမှုတို့အပေါ် မူတည်လေ့ရှိကြောင်းကိုလည်း သိရှိနားလည်ရန် လိုပါသည်။

ထို့ပြင် စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် -

- မှန်ကန်သောခံယူချက်ရှိရန် နှင့် စခန်းလူထုနှင့် ၎င်းတို့၏နေထိုင်မှုဘဝတို့နှင့် နီးစပ်ထိတွေ့မှု ရှိရမည်။
- စခန်းလူထုမှ အလွယ်တကူ လာရောက်ဆက်သွယ်နိုင်စေရမည်။
- ပွင့်လင်းသောအမြင်နှင့် အာရုံစူးစိုက်နားထောင်နိုင်စွမ်းရှိပြီး အကောင်းမြင်တတ်၍ ကြိုတင် စဉ်းစားဆောင်ရွက်နိုင်စွမ်း ရှိရမည်။
- မိမိတို့၏ ခံယူချက်က ကာကွယ်စောင့်ရှောက်ပေးရမည့် ပြည်သူတို့၏ ခံစားမှုအပေါ် လွှမ်းမိုးနိုင်ကြောင်းကို နားလည်သဘောပေါက်ရမည်။
- ကိုယ်ရေးကိုယ်တာအချက်အလက်များကို လျှို့ဝှက်ထိမ်းသိမ်းပေးမှုအား လေးစားလိုက်နာခြင်းဖြင့် ၎င်းတို့အတွက် နောက်ထပ် အန္တရာယ်များ မဖြစ်စေရန် ရှောင်ရှားပေးနိုင်ပြီး အချိန်နှင့်အမျှ စခန်းလူထု၏ ယုံကြည်မှုကို ရရှိထိမ်းသိမ်းထား နိုင်မည်။
- အန္တရာယ်ကျရောက်နိုင်ခြေရှိသည့် လူထုနှင့် အပြုသဘောဆောင်၍ အစဉ်ပြောဆိုပြုမူပြီး ကာကွယ်စောင့်ရှောက် ပေးရာတွင် ခွဲခြားဆက်ဆံမှု နှင့် ထိခိုက်နိုင်ခြေများကို ရှောင်ရှားရမည်။

စခန်းစီမံခန့်ခွဲမှုအေဂျင်စီ၏ ကာကွယ်စောင့်ရှောက်မှု သက်ဆိုင်သည့် တာဝန်များမှာ -
ကာကွယ်စောင့်ရှောက်မှုဆိုင်ရာ အန္တရာယ်ကျရောက်နိုင်ခြေများ လျော့နည်းစေရန် လုံခြုံစိတ်ချရသော ပတ်ဝန်းကျင်ကို ဖန်တီးပေးရမည်။ ၎င်းအတွက် အောက်ပါတို့ကို လိုအပ်သည်။

- ပါဝင်ပတ်သက်သူအားလုံးနှင့် ညှိနှိုင်းဆောင်ရွက်ရာတွင် ကာကွယ်စောင့်ရှောက်မှု ရှုထောင့်အမြင်ကို ထည့်သွင်းပါဝင်စေရမည်။
- အထူးစောင့်ရှောက်မှုလိုအပ်သူများအပါအဝင် စခန်းနေ ပြည်သူအားလုံးအား မှတ်ပုံတင်စာရင်း သေချာပြုစုထားရမည်။
- ပြည်သူများ၏ ကိုယ်တိုင် စီမံဆောင်ရွက် ရှင်သန်နိုင်စွမ်းကို ပံ့ပိုးပေးရမည်။

စခန်းနေပြည်သူများ တွေ့ကြုံရနိုင်သည့် အန္တရာယ်နှင့် လစ်ဟာမှုများအတွက် အောက်ပါအချက်အလက်များ ပါဝင်သည့် အခြေအနေဆန်းစစ်လေ့လာမှုကို ပြုလုပ်ရမည်။

- စခန်းနေ ပြည်သူများ၏ နောက်ခံအခြေအနေ
- ပူးပေါင်းပါဝင်သည့် ဆန်းစစ်လေ့လာမှု လေ့ကျင့်ခန်းများ
- သီးခြားကာကွယ်စောင့်ရှောက်မှု အရေးကိစ္စများအတွက် ဆောင်ရွက်နေသူများကို စာရင်းပြုစု မြေပုံဆွဲရန်

အောက်ပါတို့ကိုဆောင်ရွက်ခြင်းဖြင့် စခန်းတွင်းလုပ်ငန်းများနှင့် ဆုံးဖြတ်ချက်ချမှတ်မှုများတွင် စခန်းနေပြည်သူများ ပါဝင်စေရန် -

- လုပ်ငန်းအားလုံးအား လူထုပူးပေါင်းပါဝင်မှုနည်းလမ်းဖြင့် ဆောင်ရွက်ရန်
- စခန်းတွင်း စီမံအုပ်ချုပ်မှုစနစ် ထူထောင်ရန်
- စခန်းလူထုအတွင်း ပွင့်လင်းမြင်သာသော ရွေးကောက်မှုဖြင့် ကိုယ်စားလှယ်များရွေးချယ်ပြီး ဆုံးဖြတ်ချက်ချမှတ်သည့် စည်းဝေးပွဲများတွင် ပါဝင်စေရန်

ကာကွယ်စောင့်ရှောက်မှုဆိုင်ရာ ဦးဆောင်အေဂျင်စီနှင့် နီးစပ်စွာ ပူးပေါင်း၍ သက်ဆိုင်ရာ ဥပဒေများကို လိုက်နာမှု ရှိမရှိ စောင့်ကြည့်ကြီးကြပ်ရန် နှင့် လိုအပ်မှုများနှင့် ချိုးဖောက်မှုများအား သိရှိနိုင်ရန် အောက်ပါတို့ကို ဆောင်ရွက်ရမည်။

- လူ့အခွင့်အရေး ချိုးဖောက်မှုများအား ဖေါ်ထုတ်စုစည်းရန်
- အခွင့်အရေးချိုးဖောက်မှုများနှင့်စပ်လျဉ်း၍အာဏာပိုင်များထံတင်ပြအရေးဆိုခြင်းများ၏အရည်အသွေးကိုတိုးမြှင့်နိုင်ရန်အတွက် ဖြစ်ပွားမှုများ၏ အခြေအနေနှင့် ပုံစံများကို ဆန်းစစ်လေ့လာရန်

ကာကွယ်စောင့်ရှောက်မှုဆိုင်ရာ ဖြစ်ပွားမှုများအတွက် တုံ့ပြန်ဆောင်ရွက်မှု အစီအမံများအား ပံ့ပိုးပေးရန် -

- ကာကွယ်စောင့်ရှောက်မှုအတွက် ညွှန်းပို့မှုနှင့် တုံ့ပြန်ဆောင်ရွက်ပေးမှု စနစ်များအား အားလုံးသိရှိနေစေရန် ဆောင်ရွက်ခြင်း
- တစ်ဦးချင်းနှင့် အစုလိုက်ကိစ္စရပ်များကို စခန်းလူထုနှင့်အတူ ဆက်လက် အရေးယူဆောင်ရွက်ပေးရန်

### သတင်းပို့တင်ပြရန် ဖေါင်ပုံစံ

သတင်းပို့တင်ပြရန် ဖေါင်ပုံစံမှာ စခန်းစီမံခန့်ခွဲမှုအေဂျင်စီအနေနှင့် စာရင်းသွင်းရန်နှင့် စခန်းတွင်း သို့မဟုတ် စခန်းပြင်ပရှိ အထူးဆောင်ရွက်ပေးသူများထံ ညွှန်းပို့ပေးရန်အတွက် စီမံကိုင်တွယ်အသုံးပြုရန် လွယ်ကူသင့်သည်။ အမည်၊ ကျား၊မ၊ အသက်အရွယ်နှင့် ဖြစ်ပွားပုံ စသည့် အချက်အလက်များမှာ အရေးကြီးသကဲ့သို့ ညွှန်းပို့သည့် အထူးပြုအဖွဲ့အစည်း၏ အချက်အလက်များမှာလည်း အရေးပါသည်။

ဖြစ်ပွားမှု၏ ထိခိုက်လွယ်သော အချက်အလက်များအတွက် လျှို့ဝှက်ချက်ထိမ်းသိမ်းပေးရမည်။ ထိုအချက်အလက်များမှာ ကျန်းမာရေးဌာနနှင့် ရဲအဖွဲ့အတွက်သာ အရေးကြီးသောကြောင့် ၎င်းတို့ကို သတင်းပို့ ဖေါင်ပုံစံပေါ်တွင် စာရင်းသွင်း ဖေါ်ပြရန် မလိုပါ။

ထိုဖေါင်ပုံစံများမှာ စခန်းစီမံခန့်ခွဲမှုအေဂျင်စီအနေနှင့် ထိုအမှုကို ပိတ်သိမ်းခြင်းသို့မဟုတ် ထပ်မံပံ့ပိုးပေးရန် လိုအပ်ချက်ရှိမရှိ ဆက်လက်၍ နောက်ဆက်တွဲ ဆောင်ရွက်နိုင်ရန် မှတ်ထားထားရမည့် နေရာပါရှိရမည်။

အချက်အလက်အားလုံးကို စခန်းစီမံခန့်ခွဲမှုအေဂျင်စီမှ ဖြစ်ပျက်ပုံ၊ အသက်အရွယ်၊ ကျား၊မ ကိန်းဂဏန်း အချက်အလက်နှင့် ပြောင်းလဲပုံတို့ကို စောင့်ကြည့်လေ့လာ၍ အစီရင်ခံစာ ရေးရန်နှင့် တင်ပြတိုက်တွန်းရန် ရည်ရွယ်ချက်တို့အတွက် စာရင်းအင်းစနစ်ထဲသို့ ထည့်သွင်းထားရမည်။

ကာကွယ်စောင့်ရှောက်မှုဆိုင်ရာ ဖြစ်ပွားမှုများအတွက် ဖေါင်ပုံစံကို နည်းလမ်းပုံစံများ (Tools) အပိုင်းတွင်ကြည့်ပါ။

တားဆီးကာကွယ်ရေး လုပ်ငန်းများအား အကူအညီနှင့် ဂန်ဆောင်မှုများ အစီအစဉ်တကျပေးခြင်းဖြင့် ဆောင်ရွက်ရမည်။ ၎င်းမှာ အစားအစာများဝေငှခြင်း နှင့် အခြား ဂန်ဆောင်မှုများပေးခြင်းတို့ ပါဂင်သည်။ ၎င်းတို့ကို စခန်းလူထုအနေနှင့် ညီမျှ၍ လုံခြုံစိတ်ချရစွာ လက်လှမ်းမီ ရယူနိုင်ခြင်း ရှိမရှိ အစဉ် စောင့်ကြည့်ကြီးကြပ်၍ ဆန်းစစ်သုံးသပ်ရမည်။

ဆီလျှော်သော ဥပဒေများကို သိရှိစေရန် ဖြန့်ဝေပေးရမည်။ ထိုအတွက် စခန်းလူထုနှင့် အိမ်ရှင်လူထု စသည့်အခွင့်အရေး ရပိုင်ခွင့်ရှိသူများနှင့် နိုင်ငံအာဏာပိုင်များ၊ လုံခြုံရေးတပ်ဖွဲ့များ (ရဲ၊ ငြိမ်းချမ်းရေးထိမ်းသိမ်းမှု နှင့် စစ်တပ်) အပါအဂင် တာဂန်ရှိသူများနှင့် အခြား လူသားချင်းစာနာထောက်ထားမှုလုပ်ငန်း လုပ်ဆောင်သူများအတွက် သင်တန်းများပေးရန် လိုအပ်သည်။ ထိုလုပ်ငန်းများကို ကာကွယ်စောင့်ရှောက်မှု ဦးဆောင်အေဂျင်စီနှင့် နီးစပ်စွာ လက်တွဲဆောင်ရွက်ရမည်။

### လက်တွေ့အခြေအနေတွင် ကာကွယ်စောင့်ရှောက်မှု - မွေးဖွားမှု၊ လက်ထပ်ခြင်း နှင့် သေဆုံးမှုတို့ကို မှတ်ပုံတင်ရန်

လူတိုင်းအတွက် ရပိုင်ခွင့်များအား လက်လှမ်းမီနိုင်ရန် အရပ်ဖက် အထောက်အထား စာရွက်စာတမ်းများ မရှိမဖြစ်လိုအပ်သည်။ အဓိက အထောက်အထားများမှာ မွေးစာရင်း၊ နိုင်ငံသားမှတ်ပုံတင်ကဒ်၊ နိုင်ငံကူးလက်မှတ်၊ လက်ထပ်မှု မှတ်တမ်း၊ သေစာရင်း မှတ်တမ်း၊ ပစ္စည်းဥစ္စာ နှင့် မြေယာပိုင်ဆိုင်မှုအထောက်အထားတို့ဖြစ်သည်။

မွေးစာရင်းမှာ နိုင်ငံအများစုတွင် အသက်အရွယ်နှင့် မည်သူမည်ဂါဖြစ်ကြောင်း သက်သေပြသည့် အဓိက အထောက် အထားဖြစ်သည်။ မွေးစာရင်းမှာ သင်၏ တရားဂင်ရပ်တည်မှုအတွက် အထောက်အထားများထဲမှ တစ်ခုဖြစ်သည်။

အချို့နိုင်ငံများတွင် လက်ထပ်မှုကို တရားဂင်မှတ်ပုံတင်ပြီး အချို့နိုင်ငံများက ဓလေ့ထုံးစံအရ လက်ထပ်ခြင်းကို အသိအမှတ်ပြုသည်။ ဆိုလိုသည်မှာ စုံတွဲတစ်တွဲ အတူနေထိုင်ပြီး လိင်ဆက်ဆံမှုရှိလျှင် အထောက်အထား စာရွက်စာ တမ်း မရှိသော်လည်း လက်ထပ်မှု တရားဂင်သည်ဟု သတ်မှတ်သည်။ အချို့နိုင်ငံများတွင် ဘာသာရေးခေါင်းဆောင် သို့မဟုတ် အကြီးအကဲများက လက်ထပ်မှု အထောက်အထား စာရွက်စာတမ်း ထုတ်ပေးပြီး အချို့တွင်မူ နိုင်ငံတော်က ထုတ်ပေးရသည်။

သေဆုံးကြောင်း အထောက်အထား ရရှိရန်မှာ များသောအားဖြင့် တင်းကျပ်သည်။ ရင်ခွဲစစ်ဆေးခြင်း သို့မဟုတ်

စုံစမ်းခြင်းနှင့် အထောက်အထားထုတ်ပေးခြင်းကို သေဆုံးသည့်နေရာတွင် ပြုလုပ်သည်။ အကယ်၍ စစ်ပွဲဖြစ်ပွားခြင်း သို့မဟုတ် သဘာဝဘေးအန္တရာယ်ကျရောက်ခြင်းရှိပါက ဤလုပ်ငန်းများမှာ များစွာ ခက်ခဲနိုင်သည်။ အထူးသဖြင့် လူများပျောက်ဆုံးပါက သေဆုံးကြောင်း အတည်မပြုနိုင်ခြင်းဖြစ်နိုင်သည်။ အချို့ဓလေ့ထုံးစံများတွင် သေဆုံးမှုအထောက်အထားသည် စာရွက် အနေနှင့်သာမက ဂမ်းနည်းမှုအတွက် လုပ်ဆောင်ရန်များနှင့် ထပ်မံလက်ထပ်ခြင်းတို့အတွက် အရေးကြီးသော လိုအပ်ချက် ဖြစ်နိုင်ကြောင်း သတိပြုရန် အရေးကြီးသည်။

လက်ထပ်မှုနှင့် သေဆုံးကြောင်း မှတ်ပုံတင်စာရင်းများမှာ နေအိမ်၊ မြေယာနှင့် ပစ္စည်းဥစ္စာ ပိုင်ဆိုင်မှုအခွင့် အရေးများနှင့် အထူးသဖြင့် ကျန်းရစ်သူ ဇနီးနှင့် မိဘမဲ့ဖြစ်သွားသော ကလေးများအတွက် အမွေဆက်ခံနိုင်ရန် အရေးပါသော အထောက်အထားများဖြစ်သည်။ မြေယာနှင့် ပစ္စည်းဥစ္စာပိုင်ဆိုင်မှု အထောက်အထားများမှာ ပျောက်ဆုံးပျက်စီးခြင်း၊ ထုတ်ပေး မထားခြင်း သို့မဟုတ် အိမ်ထောင်ဦးစီးအမျိုးသားအမည်ဖြင့်သာ ထုတ်ပေးထားခြင်း ဖြစ်နိုင်သော်လည်း တစ်ခါ တစ်ရံ ကယ်ဆယ်ရေး အကူအညီ များ ရရှိနိုင်ရန် လိုအပ်သည့် အထောက်အထားလည်း ဖြစ်နေနိုင်သည်။ ထွက်ပြေးရသည့် အခြေအနေများကြောင့် ဒုက္ခသည်နှင့် ပြည်တွင်းနေရပ်စွန့်ခွာရသူများသည် နေရင်းဒေသမှ အခွင့်အရေးများအတွက် အထောက်အထားများ မရှိဘဲ ဖြစ်နေနိုင်သည်။ ထိုအကြောင်းများက ပြန်လည်ပေးလျော်ခွင့် ရရှိနိုင်မှုကို မည်သည့်နည်းနှင့်မှ မဆုံးရှုံးစေသင့်ပါ။

အရပ်ဖက် အထောက်အထားများအတွက် အချက်အလက်ကောက်ယူသည့်အခါ စခန်းစီမံခန့်ခွဲမှု အေဂျင်စီ အနေနှင့် မေးခွန်းအချို့ကို မေးရန်လိုသည်။

- လူထုမှာ ၎င်းတို့၏ အထောက်အထားစာရွက်များ ပျောက်ဆုံးခဲ့ပါသလား သို့မဟုတ် မူရင်းဒေသတွင် မည်သည့်အခါ ကမှ မှတ်ပုံတင်ထားမှု မရှိခြင်းဖြစ်ပါသလား။ ဤအချက်မှာ အရေးပါသည်။ အဘယ်ကြောင့်ဆိုသော် ပြန်လည် ထုတ်ပေးခြင်းနှင့် အသစ်ထုတ်ပေးခြင်းလုပ်ငန်းစဉ်များမှာ ကွာခြားနိုင်သည်။

  မွေးဖွားမှု၊ လက်ထပ်ခြင်း နှင့် သေဆုံးမှုတို့ မည်သည့်အချိန်က ဖြစ်ခဲ့ပါသလဲ။ စခန်းစီမံခန့်ခွဲမှုအေဂျင်စီအနေနှင့် မွေးဖွားမှု၊ လက်ထပ်ခြင်း နှင့် သေဆုံးမှုတို့ကို စခန်းသို့ရောက်ရှိလာချိန်တွင် အာရုံစိုက်နိုင်သည်။ ပြည်သူတို့သည် ရက် လ များစွာ သို့မဟုတ် နှစ်ကာလအထိ ကြာမြင့်စွာ ကြာမြင့်ပြီးမှ ရောက်ရှိလာခြင်းလည်း ဖြစ်နိုင်သည်။ လမ်းခရီးတွင် ကလေးများမွေးဖွားလာခြင်း၊ သေဆုံးခြင်း၊ လက်ထပ်ခြင်းတို့ ရှိနိုင်ပြီး မှတ်ပုံမတင်နိုင်ဘဲ ရှိနိုင်သည်။ ထိုသူများကို လည်း ကူညီပေးသင့်သည်။
- အကယ်၍ ၎င်းတို့၏ အထောက်အထားစာရွက်စာတမ်းများ ပျောက်ဆုံးပျက်စီးခဲ့ပါက မည်သည့်နေရာတွင် မှတ်ပုံတင် စာရင်းသွင်းခဲ့သည်ကို သိရှိရန် အရေးကြီးပါသည်။ အထူးသဖြင့် မှတ်တမ်းမှတ်ရာများကို ဗဟိုအဆင့်မှ စုစည်း စီမံ နိုင်ခြင်းမရှိသည့် နိုင်ငံများအတွက် ပို၍အရေးကြီးသည်။ အထောက်အထားများ၏ နံပါတ် (မှတ်မိပါက) နှင့် အခြား အချက်အလက်များ (ဥပမာ - အမည် အပြည့်အစုံ၊ နေ့စွဲ) တို့မှာ အစဉ်အမြဲ အလွန်အရေးပါပြီး တစ်ခါတစ်ရံ အထူး အရေးကြီးသည့်အချက်များ ဖြစ်နိုင်သည်။

## အိမ်ယာ၊ မြေယာနှင့် ဥစ္စာပစ္စည်းများနှင့် ဆိုင်သည့် အထောက်အထားများ

စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် အောက်ပါအခြေအနေများအတွက် ထိုသို့သော မတူညီသည့် အနေအထားများကို ဖေါ်ထုတ်သိရှိရန် လိုသည်။

- ရွှေ့ပြောင်းနေထိုင်ရသူများသည် မည်သည့်အခါကမှ ဥစ္စာပစ္စည်းများ မပိုင်ဆိုင်ခြင်း
- ရွှေ့ပြောင်းနေထိုင်ရသူများသည် ပိုင်ဆိုင်သော ဥစ္စာပစ္စည်းများကို လက်လှမ်းမီ မရယူနိုင်ခြင်း
- မိသားစုဝင်များ များပြားလာခြင်းကြောင့် သို့မဟုတ် မြေယာများကို ခွဲစိတ်ရာတွင် ရှုပ်ထွေးသော ကိစ္စဖြစ်လာ သောကြောင့် ပိုင်ဆိုင်မှုမှာ ရှင်းလင်းသေချာခြင်းမရှိခြင်း
- ပိုင်ဆိုင်သူမှာ သေဆုံးသွားပြီး မှီခိုသူများ၌ ရှင်းလင်းသော ပိုင်ဆိုင်မှု အထောက်အထားမရှိခြင်း
- ပြည်သူတို့မှာ အခြေချနေထိုင်သော မြေယာများမှာ မိမိတို့ပိုင်ဆိုင်မှု မရှိကြောင်းသိရှိသော်လည်း အခြားသွားစရာ နေရာ မရှိခြင်း

- နိုင်ငံတော်၊ ဒေသခံ သို့မဟုတ် နိုင်ငံရပ်ခြားမှ အပါအဝင် ပိုင်ဆိုင်ကြောင်း အငြိုင်အဆိုင် ကြေညာငြင်းခုံမှုများ ရှိနေခြင်း

စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် တရားဝင်စာရင်းများထဲတွင် မပါဝင်သေးသော မူရင်းဒေသခံများ၏ မြေယာနှင့် စုပေါင်းပိုင်ဆိုင်ကြသောမြေယာများအား သင့်လျော်သော မြေယာပိုင်ဆိုင်မှု မှတ်ပုံတင်စနစ် ရှိစေရေးအတွက် ရှင်းပြတိုက်တွန်း ရန် အရေးကြီးသည်။

အထူးသဖြင့် လူမျိုးဖြုတ် သတ်ဖြတ်ခြင်း ကဲ့သို့သော ရာဇဝတ်မှုများနှင့် ဆက်နွယ်သော ဒုက္ခသည်များနှင့် ရွှေ့ပြောင်းနေထိုင်ရသူများ ပိုင်ဆိုင်သည့် အိုးအိမ်များ ပျက်စီးဆုံးရှုံးမှုမှာ ပိုင်ဆိုင်မှုနှင့် နေထိုင်ရန် အခွင့်အရေးများကို ဖော်ပြသည့် တရားဝင်မှတ်တမ်းများကိုပါ သိမ်းယူဖျက်စီးခြင်းနှင့် တွဲဖက်ဖြစ်ပေါ်တတ်သည်။ ပဋိပက္ခအခြေအနေများစွာတွင် တိုက်ခိုက်သည့် အဖွဲ့တစ်ဖွဲ့က အခြားအဖွဲ့မှ ပါဝင်သူများ၏အခွင့်အရေးကို ပျောက်ဆုံးစေရန် အိုးအိမ်နှင့် ဥစ္စာပစ္စည်းများနှင့် ဆိုင်သည့် မှတ်တမ်းများကို တမင် ဖျက်စီးသိမ်းယူခြင်း ပြုလုပ်တတ်သည်။

### ကာကွယ်စောင့်ရှောက်မှု အမြင်ကို စခန်း၏ လုပ်ငန်းအားလုံးတွင် ထည့်သွင်းပါဝင်စေခြင်း

စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် စခန်းရှိ ကဏ္ဍအားလုံးနှင့် လုပ်ငန်းအားလုံးတွင် ကာကွယ်စောင့်ရှောက်မှုအမြင် ရှိစေခြင်းဖြင့် ကာကွယ်စောင့်ရှောက်မှုကို ထည့်သွင်းပါဝင်စေရန် သေချာစေသင့်သည်။ ကာကွယ်စောင့်ရှောက်မှုကို ထည့်သွင်းပါဝင် စေခြင်းဆိုသည်မှာ ဆန်းစစ်လေ့လာခြင်း၊ အစီအစဉ်ရေးဆွဲခြင်း၊ ဆောင်ရွက်ခြင်း၊ စောင့်ကြည့်ကြီးကြပ်ခြင်းနှင့် သုံးသပ် ခြင်းများတွင် ကာကွယ်စောင့်ရှောက်မှု ရှုထောင့်မှ ရှုမြင်ဆောင်ရွက်ခြင်းဖြစ်သည်။ ဥပမာ -

- ဖြန့်ဝေခြင်းလုပ်ငန်းအတွက် စီစဉ်ရာတွင် ဖြန့်ဝေသည့်နေရာသို့ မလာရောက်နိုင်သော အုပ်စုများအတွက် ထည့်သွင်း စဉ်းစားရန် လိုသည်။
- ရေ၊ ပတ်ဝန်းကျင်နှင့် တစ်ကိုယ်ရေသန့်ရှင်းရေး အစီအစဉ်များကို စောင့်ကြည့်ကြီးကြပ်ရာတွင် ညအချိန် အိမ်သာ အသုံးပြုရန် လုံခြုံစိတ်ချရမှု ရှိမရှိကို ထည့်သွင်းစဉ်းစားရန် လိုသည်။
- ပညာရေးစီမံချက်တစ်ခုသည် ကျောင်းမနေဘူးသည့် မိန်ကလေးများအတွက် ပညာရေး၏ သက်ရောက်နိုင်မှုကို ဆန်းစစ်သုံးသပ်နိုင်သည်။

## ကာကွယ်စောင့်ရှောက်မှု ကို လက်တွေ့ဆောင်ရွက်ခြင်း

### ကွင်းဆင်းဆောင်ရွက်သူများထံမှ ပြောဆိုချက် - ရှိနေခြင်းဖြင့် ကာကွယ်စောင့်ရှောက်မှု

"ဘူရွန်ဒီနိုင်ငံမှ ဒုက္ခသည်စခန်းတစ်ခုမှာ မကြာခင် ကျွန်မ (စခန်း မန်နေဂျာ) သတိပြုမိတာက အသက်အရွယ်ကြီးသူရော ငယ်သူပါ အမျိုးသားတွေဘဲ ရုံးကိုလာပြီး ပြဿနာတွေ၊ ဆန္ဒတွေ၊ စိုးရိမ်မှုတွေကို တင်ပြကြတယ်။ အမျိုးသမီးတွေမှာ ပြဿနာ မရှိသလို ထင်ရတော့ ဘာကြောင့်ပါလိမ့်လို့ သိချင်လာတယ်။ ကျွန်မ စခန်းမှာ နေ့တိုင်း နစ်ကြိမ်လောက် လျှောက်သွားကြည့်တတ်တော့ အဖြေတစ်ခု တွေ့လာတယ်။ အဲဒါက အမျိုးသမီးတွေဟာ အလုပ်တွေများနေကြလို့ပါ။ အလုပ်များလွန်းတော့ ကျွန်မတို့နဲ့ လာမတွေ့နိုင်ပါဘူး။ တဲနားမှာဘဲ အမြဲ ချက်ပြုတ်ရင်း၊ လျှော်ဖွပ်ဆေးကြောရင်း ကလေးငယ်တွေကို ထိမ်းကျောင်းရင်း အလုပ်သိပ်ရှုပ်နေကြတယ်။ ကျွန်မတို့ နေစဉ် လျှောက်သွားခြင်းဟာ အလုပ်များတဲ့ အမျိုးသမီးတွေဆီကို ရောက်နိုင်ဖို့ ဖြစ်လာတယ်။ စခန်းစီမံခန့်ခွဲမှု ဝန်ထမ်းတွေအနေနဲ့ လှည့်လည်လမ်းလျှောက်ခြင်းဟာ ပတ်ဝန်းကျင်အခြေအနေကို ခံစားသိရှိနိုင်တယ်။ နားထောင်နိုင် လေ့လာနိုင်တယ်။ ရုံးကိုလာဖို့ မရဲပွံ့သူတွေ အလုပ်များသူ တွေကို တွေ့ဆုံခွင့် ရစေနိုင်တယ်။ ဒါ့အပြင် ဒုက္ခသည်တွေဟာ ကျွန်မတို့ တကယ်စိတ်ဝင်စားတာကို ခံစားသိရှိလာပြီး သူတို့အကြောင်း၊ နေထိုင်ပုံ၊ ကလေးတွေ ကြီးပြင်းလာပုံ .. တွေကို သိလာရတယ်။ ဒါဟာ အတူရှိနေပြီး ကာကွယ် စောင့်ရှောက်မှု ပေးတာပါဘဲ။"

စခန်းစီမံခန့်ခွဲမှုအေဂျင်စီနှင့် ကာကွယ်စောင့်ရှောက်မှု ဆောင်ရွက်သူများအတွက် အန္တရာယ်များနှင့် လိုအပ်ချက်များကို ဖေါ်ထုတ်သိရှိရန် နှင့် လုပ်ဆောင်မှုနည်းလမ်းများ မှန်ကန်စေရန်မှာ စိန်ခေါ်မှု ဖြစ်နေနိုင်သည်။ ထိုလုပ်ငန်းများကို ပံ့ပိုးပေးရန် လုပ်ဆောင်နိုင်သည့်နည်းလမ်း အနည်းဆုံး ၃ ခု ရှိပါသည်။

- ➔ စခန်းရှိ ကာကွယ်စောင့်ရှောက်မှု ဆိုင်ရာ အန္တရာယ်များကို ဆန်းစစ်လေ့လာရန်
- ➔ လက်ရှိ ကာကွယ်စောင့်ရှောက်မှု လုပ်ဆောင်နေသူများကို ဖေါ်ထုတ် စာရင်းပြု မြေပုံဆွဲရန်
- ➔ ဖေါ်ထုတ်တွေ့ရှိသော ကာကွယ်စောင့်ရှောက်မှုဆိုင်ရာ အန္တရာယ်များ၊ လိုအပ်ချက်များကို ဖြည့်ဆည်းနိုင်မည့် လုပ်ငန်းများ ထူထောင်နိုင်ရန် နယ်ပယ်ကို ဖေါ်ထုတ်ရန်

## အန္တရာယ်များကို ဆန်းစစ်လေ့လာရန် လုပ်ငန်းနည်းလမ်း

စခန်းလူထုသည် မည်သည့် အန္တရာယ်ကျရောက်နိုင်ခြေများကို ရင်ဆိုင်နေရသနည်း။ အန္တရာယ်များကို ဆန်းစစ်လေ့လာရန် လုပ်ငန်းနည်းလမ်းသည် ထိခိုက်လွယ်စေရန် ခြိမ်းခြောက်နေမှုများနှင့် စွမ်းဆောင်ရည်များ၊ စွမ်းဆောင်ရည်ကို တိုးမြှင့်ပေးခြင်းဖြင့် မည်သည့် ခြိမ်းခြောက်မှုများကို လျော့ချနိုင်မည်ကို စသည်တို့အား ဆက်စပ်ပေးသည်။ စခန်း၏ နောက်ခံအခြေအနေပေါ်မူတည်၍ အန္တရာယ်များ ဆန်းစစ်လေ့လာမှုတွင် ပါဝင်သည့် မေးခွန်းများမှာ -

- ➔ ခြိမ်းခြောက်မှုများမှာ အဘယ်နည်း။ ခြိမ်းခြောက်မှုမှာ ကျူးလွန်သူ၏ အမူအကျင့်နှင့် အန္တရာယ်၏သဘာဝ တို့နှင့် တိုက်ရိုက်သက်ဆိုင်နေသော ပြဿနာဖြစ်၍ ထိခိုက်စေလိုသူ၏ ရည်ရွယ်ချက်နှင့် ကျူးလွန်သူအတွက် မည်သည့် အကျိုးအမြတ် ရနိုင်ကြောင်း နှင့် ချိုးဖေါက်မှုများအား အားပေးသော သို့မဟုတ် ဟန့်တားသော ခံယူမှုများကို ဆန်းစစ်ရန်ဖြစ်သည်။
- ➔ ထိခိုက်လွယ်မှု မှာ အဘယ်နည်း။ ခံစားရသူ၏ အနေအထားနှင့် လုပ်ဆောင်ချက်တို့နှင့် နီးစပ်စွာဆက်နွယ်နေသည်။ ထိခိုက်လွယ်မှုကို လျော့ချရန် နည်းဗျူဟာများမှာ ခံစားရနိုင်သူကို အန္တရာယ်ရှိနိုင်ခြေများမှ ဖယ်ထုတ်ခြင်း သို့မဟုတ် ၄င်းတို့၏ အမူအကျင့်များကို ပြောင်းလဲစေခြင်းဖြင့် လုံ့ဆော်မှု မဖြစ်စေခြင်းတို့ ဖြစ်နိုင်သည်။
- ➔ တစ်ဦးချင်းတွင် ရှိနှင့်ပြီးဖြစ်နိုင်သည့် ခြိမ်းခြောက်မှုများ၊ ထိခိုက်နိုင်ခြေများကို လျော့ချနိုင်သည့် အားပေးသင့်သော နည်းဗျူဟာများမှာ အဘယ်နည်း။

လူသိများသော ဥပမာတစ်ခုမှာ မည်သူမည်ဝါမသိရသော ကျူးလွန်သူများက စခန်းပြင်ပသို့ ထင်းရှာထွက်သည့် အမျိုးသမီးများအား ထိခိုက်စော်ကားမှုများ ပြုလုပ်ခြင်းဖြစ်သည်။ ခြိမ်းခြောက်မှုနှင့် ထိခိုက်လွယ်မှုများကို လျော့ချရန်နှင့် စွမ်းဆောင်ရည်မြှင့်တင်ရန် အမှန်တကယ်ဆောင်ရွက်နိုင်သော လုပ်ဆောင်ချက်များ စာရင်းကိုရေးဆွဲခြင်းသည် စခန်းစီမံခန့်ခွဲမှုအေဂျင်စီနှင့် ကာကွယ်စောင့်ရှောက်မှုပေးနေသူများအတွက် ပြဿနာနှင့် ဦးတည်တုံ့ပြန်ဆောင်ရွက်မှု များကိုဆန်းစစ်လေ့လာရာတွင် အကူအညီ ပေးနိုင်သည်။ ဤလေ့ကျင့်ခန်းမှာ အန္တရာယ်ရှိနိုင်သူများနှင့်အတူ တိုက်ရိုက် လက်တွေ့ လုပ်ဆောင်နိုင်သည်။ ကျူးလွန်သူများ၏ အမူအကျင့်ကိုပြောင်းစေရန် အထက်အဆင့်မှ ပါဝင်ရန် လိုပါက သို့မဟုတ် စခန်း၏ လိုအပ်ချက်များအတွက် ကာကွယ်စောင့်ရှောက်မှု လုပ်ဆောင်ပေးသူများ ပိုမိုလိုအပ်ပါက တွေ့ရှိချက်များကို နိုင်ငံအာဏာပိုင်များ၊ အစုအဖွဲ့ ဦးဆောင်သူများအား ရှင်းလင်းတင်ပြတိုက်တွန်းရာတွင်လည်း အသုံးပြုနိုင်သည်။

## ကာကွယ်စောင့်ရှောက်မှု လုပ်ဆောင်ပေးသူများအား စာရင်းပြုစု မြေပုံဆွဲရန်

အန္တရာယ်များ၊ ခြိမ်းခြောက်မှုများ၊ ထိခိုက်နိုင်ခြေများ၊ စွမ်းဆောင်ရည်များနှင့် ဆက်နွယ်နေသော ကာကွယ်စောင့်ရှောက်မှု လိုအပ်ချက်များနှင့် လုပ်ငန်းများကို တစ်စိတ်တစ်ပိုင်းဖေါ်ထုတ်ပြီး ဖြစ်ပါက သီးခြား ကာကွယ်စောင့်ရှောက်မှုများအတွက် အဓိကဆောင်ရွက်နေသူများ၏ သဘာဝကိုသိရှိရန် ကာကွယ်စောင့်ရှောက်မှု လုပ်ဆောင်ပေးသူများစာရင်းကို ပြုစု၍ မြေပုံဆွဲခြင်း နည်းလမ်းကို အသုံးပြုနိုင်သည်။ လုပ်ငန်းစဉ်တွင် အဆင့် ၆ ခုရှိသည်။

- ➔ **အဆင့် (၁)** - သီးခြား ကာကွယ်စောင့်ရှောက်မှု ပြဿနာကိုဖေါ်ထုတ်ရန် - စခန်းစီမံခန့်ခွဲမှု အေဂျင်စီသည် သိထားပြီး သော ကာကွယ်စောင့်ရှောက်မှု ပြဿနာကို ရွေးချယ်ဆောင်ရွက်နိုင်သည်။ ဥပမာ - ထင်းရှာထွက်သော အမျိုးသမီး များ အတွက် ခြိမ်းခြောက်မှုများ၊
- ➔ **အဆင့် (၂)** – ထိုပြဿနာနှင့် သီးခြားသက်ဆိုင်သော အဓိက ဆောင်ရွက်သူ၊ ပါဝင်ပတ်သက်သူကို ဖေါ်ထုတ်ရန် -
- ➔ **အဆင့် (၃)** – အဓိက ဆောင်ရွက်သူကို ဆန်းစစ်ရန် - ထိခိုက်ခံရနိုင်သူ သို့မဟုတ် ကျူးလွန်သူ ဖြစ်ပါသလား။ ရည်ရွယ်ချက်မှာ

အဘယ်နည်း။ မည်သည်ကို အလိုရှိပါသနည်း။

- ➔ အဆင့် (၄) – ဆက်နွယ်မှုများကို ဆန်းစစ်ရန် - ထိုသူများအကြား အာဏာ လွှမ်းမိုးဆက်နွယ်မှု မည်သို့ ရှိပါသလဲ။ မည်သူက မည်သူ့ကို လိုအပ်ပါသလဲ။ အဘယ်ကြောင့်ပါလဲ။ မည်သူက မည်သူ့ကို ပံ့ပိုးပေးပါသလဲ။ မည်သည့် အချက်များတွင် ကြားဝင် ဆောင်ရွက်ပေးနိုင်ပါသလဲ။
- ➔ အဆင့် (၅) – မြေပုံကို ချဲ့ထွင်ရန် - ဆောင်ရွက်သူနှင့် ဆက်နွယ်မှုများ ထပ်မံဖြည့်စွက်ပါ။ လွှမ်းမိုးနိုင်သူများ၊ ထို ပြဿနာအတွက် လွှမ်းမိုးခံရသူများ ပါဝင်ပါစေ။ ၎င်းတို့မှာ အဘယ်ကြောင့် အရေးပါပါသလဲ။ ၎င်းတို့မှာ အင်အားရှိပါ သလား။ ၎င်းတို့သည် ပြဿနာကို လွှမ်းမိုးနိုင်ပါသလား။ အခြားသူများကို လွှမ်းမိုးနိုင်ပါသလား။ မည်သို့ အဓိက အားဖြင့် ဆက်နွယ်နေပါသလဲ။

မှတ်ရန် - ဆက်နွယ်မှုကို ဆန်းစစ်ရာတွင် အတတ်နိုင်ဆုံး တိကျစွာဆောင်ရွက်ပါ။ ဥပမာ - မြို့ပိုင်နိုင်ငံတော် ဟု ဖော်ပြမည့်အစား သီးခြား ဝန်ကြီးဌာန၊ အေဂျင်စီကို ဖော်ထုတ်ပါ။

- ➔ အဆင့် (၆) – ရုပ်ပုံလွှာတွင် မိမိတို့ကိုယ်ကို ထည့်သွင်းရန် - ဆောင်ရွက်သူများနှင့် ဆက်နွယ်မှုများတွင် မိမိတို့က မည်သို့ သက်ရောက်စေနိုင်သနည်း။

## ကြက်ဥပုံစံ မော်ဒယ် - ကာကွယ်စောင့်ရှောက်မှုလုပ်ငန်းများ၊ တားဆီးကာကွယ်ရေး နှင့် တုံ့ပြန်မှုများဆိုင်ရာ စက်ဝန်းများ

ကြက်ဥပုံစံ မော်ဒယ်သည် ချိုးဖောက်မှုနှင့် အနိုင်အထက်ပြုကျင့်မှုများအတွက် ခြားနားသော တုံ့ပြန်ဆောင်ရွက်မှုများနှင့် ခြားနားသော ကာကွယ်စောင့်ရှောက်မှု လုပ်ငန်းများကို ဖော်ထုတ်ရန် အသုံးပြုနိုင်သည်။




ဤပုံစံသည် ကာကွယ်စောင့်ရှောက်မှုအတွက် ကာလတို၊ အလယ်အလတ်ကာလနှင့် ရေရှည်အတွက် နည်းလမ်းများကို သိမှတ်လျှက် တန်ဖိုးသတ်မှတ်ပေးသည်။ ၎င်းက ခြားနားသော လုပ်ငန်းအစီအစဉ်များသည် အချိန်ကာလ အစဉ်လိုက် မဟုတ်ဘဲ အများအားဖြင့် တစ်ပြိုင်တည်း ဖြစ်နေတတ်ကြောင်း ဖော်ပြသည်။ ပုံစံကို လက်ဝဲဖက်မှ လက်ယာဘက်သို့ ကြည့်ရှုပါက -

- ➔ တုံ့ပြန်ဆောင်ရွက်မှု - ချိုးဖောက်မှုများ၏ သက်ရောက်မှုကို ရပ်တန့်ရန်၊ တားဆီးရန်နှင့် လျော့ချရန် ချက်ချင်းတုံ့ပြန် ဆောင်ရွက်ခြင်း နှင့် နောင်ကာလများတွင် နောက်ထပ်ချိုးဖောက်မှုများမဖြစ်စေရန် တားဆီးခြင်း
- ➔ ကုစားခြင်း - ပုံမှန်အခြေအနေရောက်စေရန် နှင့် ခံစားရသူများကို ကူညီပံ့ပိုးပေးခြင်း
- ➔ ပတ်ဝန်းကျင်အခြေအနေကို တည်ဆောက်ခြင်း - ကာကွယ်စောင့်ရှောက်မှုကို အားဖြည့်ရန် လူသားတိုင်း၏ အခွင့်အရေးကို အပြည့်အဝ လေးစားလိုက်နာမှု တိုးမြှင့်ရေးအတွက် ဥပဒေများ၊ နိုင်ငံရေး နှင့် ခံယူချက်များနှင့် စပ်လျဉ်း၍ ဆောင်ရွက်ခြင်း

ထိုလုပ်ငန်းများမှာ လှုပ်ရှားပြောင်းလဲနေ၍ လုပ်ဆောင်မှု တစ်ခုစီသည် စက်ဝန်း ၃ခုလုံးပေါ်တွင် ကာကွယ်တားဆီးမှု အတွက် သက်ရောက်မှုရှိသည်။ ဤသို့ဖြင့် အန္တရာယ်နှင့်ခြိမ်းခြောက်မှုများ လျော့နည်းစေနိုင်သည်။ စခန်းတစ်ခုတွင် ထိုစက်ဝန်း ၃ခုလုံးနှင့် ဆက်နွယ်နေနိုင်သော လုပ်ငန်းများမှာ -

- ➔ တုံ့ပြန်ဆောင်ရွက်မှု - ထိခိုက်ဒါဏ်ရာများအတွက် ဆေးကုသပေးခြင်း၊ စိတ်ပိုင်းဆိုင်ရာ ပံ့ပိုးပေးခြင်း၊ ဖြစ်ပွားမှုများအား ညွှန်းပို့ပေးခြင်း နှင့် ဥပဒေစိုးမိုးရေး အပါအဝင် တုံ့ပြန်ဆောင်ရွက်မှုစနစ်များ
- ➔ ကုစားခြင်း - ကျန်းမာရေး စစ်ဆေးခြင်း နှင့် ကုသခြင်း၊ တရားစီရင်ရေး ကိစ္စများအတွက် ဆက်လက် ဆောင်ရွက် ပေးခြင်း၊ အသက်မွေးမှု နှင့် အလုပ်အကိုင်ရရှိရေး၊ စခန်းလုပ်ငန်းများနှင့် ကော်မီတီများတွင် ပါဝင်ရေးကို ပံ့ပိုးပေးခြင်း
- ➔ ပတ်ဝန်းကျင်အခြေအနေကို တည်ဆောက်ခြင်း - ညွှန်းပို့မှု နှင့်တုံ့ပြန်ဆောင်ရွက်မှု စနစ်များ၊ စခန်းတွင်းနှင့် ဝန်းကျင်ရှိ လုံခြုံမှုတို့ကို စောင့်ကြည့်ကြီးကြပ်၍ သုံးသပ်ခြင်း၊ တရားစီရင်မှုစနစ် ဆောင်ရွက်မှုကို သေချာစေခြင်း၊ လုံခြုံရေး အဖွဲ့များ၊ ဝန်ထမ်းများ၊ စခန်းဦးဆောင်အဖွဲ့နှင့် ကော်မီတီဝင်များ၏ စွမ်းဆောင်ရည်ကို တည်ဆောက်ပေးခြင်း၊ စခန်း အုပ်ချုပ်စီမံမှု စနစ် ထူထောင်ခြင်း၊ လူထုအား စည်းရုံးလှုပ်ရှားစေ၍ စခန်းလုပ်ငန်းများနှင့် ဆုံးဖြတ်ချက်ချမှတ်မှုများ ၊တွင် ပါဝင်စေခြင်း၊ ကလေးသူငယ်နှင့် ဆယ်ကျော်သက်များအား ပညာသင်ကြားစေခြင်း၊ စခန်းလူထုအား သိရှိ သတိပြုစေခြင်း၊ သတင်း အချက်အလက်များ ဖြန့်ဝေပေးခြင်း၊ ဝန်ဆောင်မှုပေးခြင်း၊ အိမ်ရှင်လူထုနှင့် ဆက်သွယ်မှု တည်ဆောက်ခြင်း၊ ရေရှည် တည်တန့်သော ဖြေရှင်းမှုများအတွက် လုပ်ဆောင်ခြင်းနှင့် ယဉ်ကျေးမှုရိုးရာ ဆောင်ရွက်မှု များအား အားပေးခြင်း

အန္တရာယ်ကျရောက်နိုင်ခြေကို ဆန်းစစ်သည့် လုပ်ငန်းနည်းလမ်း၊ လုပ်ဆောင်သူများကို စာရင်းပြုစုမြေပုံဆွဲခြင်းနှင့် ကြက်ဥပုံစံမော်ဒယ်တို့အား ပြည့်စုံစွာ အသုံးပြုခြင်းမှာ နောက်ခံအခြေအနေ၊ အချိန်နှင့် အရင်းအမြစ်တို့အပေါ် မူတည် သည်။ စခန်းစီမံခန့်ခွဲအေဂျင်စီ၊ ကာကွယ်စောင့်ရှောက်မှု ဆောင်ရွက်သူတို့နှင့်အတူ စခန်းလူထုအား ပါဝင်စေခြင်းမှာ မဖြစ်မနေ လိုအပ်သည်။ စခန်းတွင် ဝန်ထမ်းများ အမြဲ ရှိနေခြင်း၊ တွေ့ဆုံနိုင်ခြင်းမှာ စခန်းလူထုအတွက် ကာကွယ် စောင့်ရှောက်ပေးရန် မဖြစ်မနေ လိုအပ်ကြောင်း မှတ်သားထားသင့်သည်။

## ✔ စခန်းစီမံခန့်ခွဲမှုအေဂျင်စီအတွက် စစ်ဆေးရန် လုပ်ငန်းစာရင်း

- ✔ စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် စခန်းအဆင့်တွင် သက်ဆိုင်ရာ အာဏာပိုင်များ၊ အစုအဖွဲ့ဦးဆောင်သူများ၊ ကာကွယ် စောင့်ရှောက်မှုဆိုင်ရာ တာဝန်ခံ အဖွဲ့အစည်းများ၊ စခန်းလူထုတို့နှင့်အတူ ကာကွယ်စောင့်ရှောက်မှု အစီအစဉ်များကို နီးစပ်စွာ ညှိနှိုင်းဆောင်ရွက်ရမည်။
- ✔ ကာကွယ်စောင့်ရှောက်မှု နည်းလမ်းကို ပါဝင်ပတ်သက်သူအားလုံးနှင့် ပုံမှန် ညှိနှိုင်းဆောင်ရွက်ရာတွင် ပါဝင်ထည့်သွင်း ရန်၊ နည်းပညာကဏ္ဍများနှင့် စခန်းလုပ်ငန်းများအတွက် ဆန်းစစ်ခြင်း၊ အစီအစဉ်ရေးဆွဲခြင်း၊ ဆောင်ရွက်ခြင်း၊ စောင့်ကြည့် ကြီးကြပ်ခြင်း နှင့် သုံးသပ်ခြင်း တို့တွင် ပါဝင်ထည့်သွင်းရမည်။
- ✔ စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် စခန်းတွင် တရားစီရင်မှုနှင့် ဥပဒေစိုးမိုးမှု အစီအစဉ်များနှင့် ရွှေ့ပြောင်းနေထိုင်ရသူများ၏ အခွင့်အရေးကို လေးစားလိုက်နာရန်အတွက် ရင်းပြတိုက်တွန်းရာတွင် ကာကွယ်စောင့်ရှောက်မှုဆိုင်ရာ ဦးဆောင်အဖွဲ့နှင့် တာဝန်ခံအေဂျင်စီများအား ပံ့ပိုးပေးရမည်။
- ✔ ကာကွယ်စောင့်ရှောက်မှုဆိုင်ရာ အေဂျင်စီများနှင့်အတူ ကာကွယ်စောင့်ရှောက်မှု အရေးကိစ္စများကို တိုက်ရိုက် ဦးတည် ဖြေရှင်းပေးပြီး ဆက်လက်ဆောင်ရွက်ပေးရန်အတွက် အစည်းအဝေးများ ပုံမှန်ကျင်းပရမည်။
- ✔ စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် စခန်းတွင်းမှ လူ့အခွင့်အရေး ချိုးဖောက်ကျူးလွန်မှုများကို စောင့်ကြည့်သတင်းပို့နိုင်ရန် အတွက် ကာကွယ်စောင့်ရှောက်မှုဆိုင်ရာ ဦးဆောင်အဖွဲ့နှင့် သဘောတူညီမှုရယူလျက် စောင့်ကြည့်ကြီးကြပ်ခြင်းနှင့် သတင်းပို့ခြင်းစနစ်များ ထားရှိရမည်။
- ✔ အထူးသဖြင့် ထိခိုက်လွယ်ပြီး သတိပြုရမည့် ကိစ္စရပ်များကို သတင်းပို့ခြင်းနှင့် မှတ်တမ်းတင်ခြင်းတို့၌ လုံခြုံစွာ ထိမ်းသိမ်း၍ ပါဝင်သူ၏ သဘောတူညီမှု ရရှိမှသာ နောက်ခံအခြေအနေပေါ် သတိပြုလျက် မျှဝေပေးရမည်။
- ✔ စခန်းဝန်ထမ်းများသည် မည်သည့် ကာကွယ်စောင့်ရှောက်မှုများ လိုအပ်ကြောင်းနှင့် ရွှေ့ပြောင်းနေထိုင်သူများ၏ ဥပဒေအရ သတ်မှတ်မှုကို သိရှိရမည်။ ၎င်းတို့သည် ပြည်တွင်းနှင့် နိုင်ငံတကာ အဓိက ဥပဒေနည်းလမ်းများနှင့် ဓလေ့ ထုံးတမ်း ဥပဒေတို့ကို သင်တန်းရရှိထားပြီး သိရှိသတိပြုနိုင်ရမည်။
- ✔ စခန်း ဝန်ထမ်းများသည် စခန်းရှိ ကာကွယ်စောင့်ရှောက်မှု ဆောင်ရွက်သူများ၏ တာဝန်ခံယူမှုကို သိရှိရမည်။
- ✔ စခန်းစီမံခန့်ခွဲမှုအေဂျင်စီ ဝန်ထမ်းအားလုံးသည် အေဂျင်စီ၏ ကျင့်ဝတ်စည်းမျဉ်းကို နားလည်ပြီး လက်မှတ်ရေးထိုးထား ရမည်။

- ✔ စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် စခန်းလူထုအတွင်း အုပ်စုအမျိုးမျိုး၏ အန္တရာယ်ကျရောက်နိုင်ခြေကို ဆန်းစစ်လေ့လာ ထားပြီး ဖြစ်ရမည်။
- ✔ စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် လွတ်လပ်စွာ သွားလာနိုင်ခွင့်မရှိခြင်းကြောင့် ဖြစ်ပေါ်နိုင်သည့် အန္တရာယ်ကျရောက်နိုင်ခြေကို သိရှိထားပြီး ဖြစ်ရမည်။ ၎င်းအတွက် စောင့်ကြည့်လေ့လာပြီး အစုအဖွဲ့ဦးဆောင်အဖွဲ့၊ ကာကွယ်စောင့်ရှောက်မှု ဆောင်ရွက်သူများနှင့် နိုင်ငံအာဏာပိုင်များနှင့် ညှိနှိုင်းလျက် ရှင်းပြတိုက်တွန်းရမည်။
- ✔ စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် တွေ့ရှိရသည့် ကာကွယ်စောင့်ရှောက်မှုဆိုင်ရာ အန္တရာယ်များ၊ ပြဿနာများအတွက် တုံ့ပြန်ဆောင်ရွက်ပေးနိုင်ရန် စခန်းတွင်း နှင့် ဒေသအတွင်း၊ နိုင်ငံအတွင်း၌ မည်သည့်ဆောင်ရွက်သူများ ရှိနေပြီး စခန်းတွင် တားဆီးကာကွယ်မှုနှင့် တုံ့ပြန်မှုအတွက် မည်သည့်လုပ်ငန်းများ ဆောင်ရွက်ပေးနိုင်သည်ကို ဆန်းစစ်လေ့လာရမည်။
- ✔ စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် သင့်လျော်သည့်အခါ အစုအဖွဲ့ဦးဆောင်အဖွဲ့အစည်းအား ကာကွယ်စောင့်ရှောက်မှု ဆိုင်ရာ ပြဿနာများအတွက် အဖြေရှာနိုင်ရန် တက်ကြွစွာ ရှင်းပြတိုက်တွန်းရမည်။
- ✔ အန္တရာယ်ကျရောက်နိုင်ခြေ အများဆုံး အုပ်စုနှင့် လူတစ်ဦးချင်းတို့အတွက် ကာကွယ်ပေးရေးနှင့် စောင့်ကြည့်ကြီးကြပ် ခြင်းကို စခန်း၏ နေ့စဉ်လုပ်ငန်းများတွင် ထည့်သွင်းပါဝင်စေရမည်။
- ✔ အမျိုးသမီး၊ အမျိုးသား၊ မိန်းကလေး၊ ယောကျ်ားလေးများ၏ မတူညီသော လိုအပ်ချက်နှင့် ပူပန်မှုများ အပါအဝင် လူထု ၏ ကာကွယ်စောင့်ရှောက်မှုဆိုင်ရာ စိုးရိမ်မှုများကို ပူးပေါင်းပါဝင်မှုဖြင့် ဆန်းစစ်ခြင်းနည်းလမ်း အသုံးပြု၍ ဖော်ထုတ်ရမည်။
- ✔ ကာကွယ်စောင့်ရှောက်မှုကို တိုးတက်စေနိုင်သည့် လူထု ပူးပေါင်းပါဝင်မှုကို တိုးမြှင့်ပေးရန်နှင့် စခန်းလူထုအနေနှင့် မိမိတို့၏ ကိုယ်တိုင် ကာကွယ်စောင့်ရှောက်မှုအတွက် စွမ်းဆောင်ရည် တိုးတက်စေရန်
- ✔ ပြည့်စုံသော မှတ်ပုံတင်စာရင်းသွင်းခြင်းနှင့် စာရင်းပြုစု မှတ်တမ်းတင်ခြင်းစနစ်ကို ရှိစေပြီး သင့်လျော်သလို အချိန်နှင့် တစ်ပြေးညီ ပြုစုရန်
- ✔ စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် စခန်းတွင်း အကူအညီများ၊ ဝန်ဆောင်မှုများ နှင့် လုံခြုံမှုပေးခြင်းတို့အား စောင့်ကြည့် ကြီးကြပ် မှတ်တမ်းတင်နိုင်ရန်အတွက် စောင့်ကြည့်ကြီးကြပ်ခြင်း နည်းလမ်းများနှင့် စနစ်များကို သဘောတူညီထားရှိရန်
- ✔ ကာကွယ်စောင့်ရှောက်မှုအတွက် ညွှန်းပို့ခြင်းနှင့် တုံ့ပြန်ဆောင်ရွက်မှု လုပ်ငန်းစဉ်များမှာ ရှင်းလင်းပြီး စခန်းလူထုနှင့် ဝန်ဆောင်မှုပေးသူများမှ သိရှိနားလည်စေရန်အတွက် ဖြန့်ဝေပေးထားရန်
- ✔ အစီရင်ခံစာများ နှင့် မှတ်တမ်းများ၊ အထူးသဖြင့် သတိပြုရမည့် ကာကွယ်စောင့်ရှောက်မှုဆိုင်ရာ အထောက်အထား များကို လုံခြုံစွာ ထိမ်းသိမ်း၍ ပါဝင်သူ၏ သဘောတူညီမှု ရရှိမှသာ နောက်ခံအခြေအနေပေါ် သတိပြုလျက် မျှဝေပေးရန်
- ✔ စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် စခန်းလူထုအား ကာကွယ်စောင့်ရှောက်မှုဆိုင်ရာ သတင်းအချက်အလက်များနှင့် တုံ့ပြန်ဆောင် ရွက်ပေးနိုင်မှုတို့ကို အချိန်မီ ဖြန့်ဝေပေးခြင်း အပါအဝင် တာဝန်ခံယူမှုကို မြှင့်တင်ပေးသည့် နည်းလမ်းဖြင့် ဆောင်ရွက်ရန်
- ✔ နိုင်ငံတော်နှင့် အခြား လုပ်ရှားဆောင်ရွက်သူများအတွက် ကာကွယ်စောင့်ရှောက်မှုဆိုင်ရာ သင်တန်းနှင့် အသိပေးမှု များကို ဦးဆောင်အဖွဲ့အစည်းနှင့် တာဝန်ခံအဖွဲ့များနှင့် နီးစပ်စွာ အတူလက်တွဲကျင်းပရန်
- ✔ စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် အိုးအိမ်၊ မြေယာ၊ ဥစ္စာပစ္စည်းများနှင့် ဆက်စပ်သော အခြေအနေအမျိုးမျိုးကို ဖော်ထုတ် ၍ မြေယာပိုင်ဆိုင်မှုကို မှတ်ပုံတင်နိုင်ရန် သင့်လျော်သောစနစ်များ ထူထောင်နိုင်ရေးအတွက် ရှင်းပြတိုက်တွန်းရန်

## အသုံးပြုနိုင်သည့် နည်းလမ်းအထောက်အကူများ

### အသုံးပြုနိုင်သည့် နည်းလမ်းအထောက်အကူများ နှင့် ရည်ညွှန်းစာအုပ်စာတမ်းများ

အောက်တွင် စာရင်းပြုစုဖော်ပြထားသော အသုံးပြုရန် နည်းလမ်းအထောက်အကူများ နှင့် ရည်ညွှန်းစာအုပ်စာတမ်း များအားလုံးကို အီလက်ထရောနစ်စနစ်ဖြင့် စခန်းစီမံခန့်ခွဲမှုလက်စွဲစာအုပ် ပုံနှိပ်စာအုပ်တိုင်းနှင့်အတူ ပါရှိသည့် USB Memory stick မှ၎င်း၊ www.cmtoolkit.org ဝက်ဘ်ဆိုက်တွင်၎င်း ရရှိနိုင်ပါသည်။

– Actor Mapping

– Analysis Tools for Protection: Frameworks for Analysis and Risk Factors Analysis Tool

– Event- and Issue Form for Social Worker

– Guiding Principles Data Reporting Form

– Protection Incident Form

– Protection Mainstreaming Checklist for Camp Coordination and Camp Management

– Reproductive Health Response in Conflict Consortium, 2004. Checklist for Action, Prevention and Response to Gender Based Violence in Displaced Settings

– Table of Legal Provisions on which Guiding Principles are Based

ရည်ညွှန်းစာအုပ်စာတမ်းများ

– 2013. Protections Agencies Mandate and Areas of Expertise with displaced persons

– Brookings-Bern Project on Internal Displacement, 2006.
Guide to International Human Rights Mechanisms for IDPs and their Advocates

– Brookings-SAIS Project on Internal Displacement, 2004. Protect or Neglect -Toward a More Effective United Nations Approach to the Protection of Internally Displaced Persons

– Global Protection Cluster 2012. Minimum Standards for Child Protection in Humanitarian Action

– Inter-Agency Standing Committee, (IASC), 2002. Growing the Sheltering Tree-Protection Rights to Humanitarian Action

– IASC, 2005. Guidelines for Gender Based Violence Interventions in Humanitarian Settings

– IASC, 2006. Protecting Persons Affected by Natural Disasters. IASC Operational Guidelines on Human Rights and Natural Disasters

– IASC, Protection Cluster and Early recovery Cluster, 2008.
Protection of Conflict-induced IDPs: Assessment for Action

– IASC, 2011. Operational Guidelines on the Protection of Persons in Situations of Natural Disasters

– International Committee of the Red Cross (ICRC), 2004.
What is the Humanitarian Law?

– ICRC, 2007. Internally Displaced People

– ICRC, 2013. Professional Standards for Protection Work, Carried Out by Humanitarian and Human Rights Actor in Armed Conflict and other Situations of Violence

– International Displacement Monitoring Centre (IDMC), 2012.
Internal Displacement and the Kampala Convention: an Opportunity for Development Actors

– Liam Mahony, Centre for Humanitarian Dialogue, 2006. Proactive Presence, Field Strategies for Civilian Protection

– Office for the Coordination of Humanitarian Affairs (OCHA). Guiding Principles on Internal Displacement

– Office of the United Nations High Commissioner for Human Rights (OHCHR), 2001. Training Manual on Human Rights Monitoring

– Slim Hugo and Bonwick Andrew, 2005. Protection, An Active Learning Network for Accountibility and Performance Guide for Humanitarian Agencies

– United Nations Development Programme (UNDP), 2005.
Programming for Justice: Access for All. A Practitioner’s Guide to a Human Rights Based Approach to Justice

– United Nations Refugee Agency (UNHCR), 2006. Operational Protection in Camps and Settlements: A Reference Guide to Good Practices in the Protection of Refugees and other Persons of Concern

– UNHCR, 2006. The Administration of Justice in Refugee Camps: A study of Practice

– UNHCR, 2007. Handbook for Emergencies
– UNHCR, 2009. UNHCR Policy on Refugee Protection and Solutions in Urban Areas
– UNHCR, 2010. Handbook for the Protection of Internally Displaced Persons, Guidance Note 12, Coordination and Management of Camp and Other Collectives Settings
– World Food Programme (WFP), 2013. Protection in Practice: Food Assistance in Safety and Dignity